## မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ ထွန်းလင်း၏။ မင်းသည်ချပ်ဝတ်တန်ဆာဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။ **ဓမ္မပဒ**

# မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈၂)

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်
၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်၊ သောကြာနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ဗီယက်နမ် - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဗီယက်နမ် - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး

**စာမျက်နှာ ၁၅ ကော်လံ ၃** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၁၇ ရက်)

# ငြိမ်းချမ်းရေးနှင့်စည်းလုံးညီညွတ်ရေးဖော်ဆောင်

စစ်မှန်ပြီးစည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကိုဆောင်ရွက်ရန်မှာ ပြည်သူလူထု၏ ဆန္ဒပင်ဖြစ်သည်။ အဆိုပါ စနစ်သို့ချီတက်ရာတွင် ဒီမိုကရေစီကျင့်စဉ်အရ အနည်းစု၏ဆန္ဒကို လေးစားတန်ဖိုးထားရမှာဖြစ်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ရန်၊ ဒီမိုကရေစီစနစ်မယိုင်လဲစေရေးအတွက် ဒီမိုကရေစီစိတ်မွေးကြရန် စည်းကမ်းစနစ်ကျနသည့် ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာသည့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် ဖြစ်ပေါ်လာစေရန် ပြည်သူအားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ရန်အတွက်အဓိကလိုအပ်ချက်မှာ ထာဝရငြိမ်းချမ်းရေးဖြစ်သည်။ ငြိမ်းချမ်းရေး၏ လမ်းစမှာတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ဖြစ်သည်။ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်ကိုဦးဆောင်နေစဉ် NCA လမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းလျက်ရှိသည်။ တပ်မတော်အနေဖြင့် NCA တွင် ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးထားခြင်းဖြစ်၍ ပေးထားပြီးဖြစ်သည့်ကတိကိုမည်သည့်အခါမျှ ဖောက်ဖျက်ခြင်းရှိမည်မဟုတ်ပေ။ သက်ဆိုင်သူအားလုံးအနေဖြင့် အချိန်စောစီးစွာဖြင့် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့မည်ဆိုပါက NCA ပါ သဘောတူညီချက်များကို စောစီးစွာအကောင်အထည်ဖော်နိုင်နေပြီဖြစ်သည်။

တိုင်းရင်းသားများနှင့်ပတ်သက်၍လည်း တောင်းဆိုချက်များဆောင်ရွက်သည့်အခါတွင် နိုင်ငံရေးစင်မြင့်ဖြစ်သည့် လွှတ်တော်တွင်ဆောင်ရွက်ခြင်းသည်အကောင်းဆုံးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ စဉ်းစားဆောင်ရွက်သည့်အခါ လာမည့်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲပုံစံကို FPTP စနစ်အပြင် MMP စနစ်ပါ အသုံးပြုဆောင်ရွက်မည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းမှာလည်း နိုင်ငံရေးပါတီအားလုံး၏သဘောတူညီမှုများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဒီဇင်ဘာလအတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရွေးကောက်ပွဲဝင်ရန်အတွက် လက်ရှိအချိန်တွင်စာရင်းပေးထားသည့် နိုင်ငံရေးပါတီ ၅၇ ပါတီရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီခြောက်ပါတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ဝင်ရောက်ယှဉ်ပြိုင်မည့်ပါတီ ၅၁ ပါတီရှိသည်။ ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားသည့် ကိုယ်စားလှယ်လောင်း ၅၀၀၀ ကျော်ရှိသည်။ ရွေးကောက်ပွဲတွင် မဲမသမာမှုများဆောင်ရွက်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များဖြင့်ဆန္ဒမဲများပေးနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်သည်။ ထိုသို့ဆောင်ရွက်ခြင်းကြောင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်မည်မှာ အမှန်ဖြစ်သည်။ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၁၀၂ မြို့နယ်၊ ဒုတိယအကြိမ်တွင် မြို့နယ် ၁၀၀ ဆောင်ရွက်မည်ဖြစ်ပြီး ကျန်ရှိသည့်မြို့နယ်များအား တတိယအကြိမ်အဖြစ်ဆောင်ရွက်မည်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)(၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ် **"သမိုင်းကြောင်းသင်ခန်းစာများအရ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဟာ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အလွန်ပဲအရေးကြီးပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေချုပ်ငြိမ်းပြီး တိုင်းရင်းသားပြည်သူအားလုံးဟာ ပြည်ထောင်စုကြီးအတွင်းမှာ စိတ်ချမ်းသာစွာနေထိုင်နိုင်ဖို့ ငြိမ်းချမ်းရေးနဲ့ စည်းလုံးညီညွတ်ရေးဟာ အလွန်အရေးကြီးလှပါတယ်။ ငြိမ်းချမ်းရေးရရှိဖို့အတွက် အမှန်တကယ်လိုလားတဲ့ဆန္ဒ၊ ငြိမ်းချမ်းစွာညှိနှိုင်းလိုမှု၊ စိတ်ရှည်သည်းခံမှုနဲ့ တစိုက်မတ်မတ်ကြိုးစားအားထုတ်မှုတွေရှိမှသာ ပန်းတိုင်ခရီးကိုလျင်မြန်စွာရောက်ရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေနဲ့အသိဉာဏ်ပညာဖြင့် သတိတရားကိုလက်ကိုင်ထားပြီး NCA လမ်းကြောင်းအပေါ်မှာ ခိုင်ခိုင်မာမာရပ်တည်ကြဖို့၊ တစ်ဦးနှင့်တစ်ဦးစိတ်ရှည်သည်းခံကာ စည်းလုံးညီညွတ်စွာနဲ့ အနာဂတ်ကာလမှာ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိဖို့အတွက် အားသွန်ခွန်စိုက် အတူတကွ ကြိုးပမ်းဆောင်ရွက်ကြပါစို့"** ဟူ၍ တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်စတင်ထမ်းဆောင်ချိန်မှစ၍ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်အဖြစ် "တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး"ကိုလည်းကောင်း၊ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်အဖြစ် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"ဆိုသည့် ရည်မှန်းချက်ကိုလည်းကောင်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစုမြောက်မြားစွာရှိသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည့်အတွက် ငြိမ်းချမ်းရေးနှင့် စည်းလုံးညီညွတ်ရေးကို အောင်မြင်စွာဖော်ဆောင်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၇၂**

ရက်

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက် နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက်ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့်တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်။

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ (၁၅) များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့နောက်ဆုံးထားလျှောက်ထားနိုင်သည်။

မြဝတီ နေ့စဉ်
The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂။
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပန်းတနော်မြို့နယ်၌ လူငယ်များအသိပညာဗဟုသုတတိုးပွားလာစေရန် လူငယ်စကားဝိုင်းကျင်းပ



ပန်းတနော် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ပန်းတနော်မြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ကိုယ်ရည်ကိုယ်သွေးနှင့် နှုတ်မှုစွမ်းရည်ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စဉ်းစားတွေးခေါ်မှုစွမ်းရည်များ ရင့်သန်လာစေရန်ရည်ရွယ်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြင့်တင်ရေး လူငယ်စကားဝိုင်းကို အောက်တိုဘာလ ၁၅ ရက်က ရွှေလှေကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး လူငယ်စကားဝိုင်း စတင်ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်၊ အခြေခံပညာအထက်တန်းကျောင်း(ရွှေလှေ)မှ ကျောင်းသား၊ ကျောင်းသူလေးဦးတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ပြီး မဖြိုးသီရိကျော်က လူငယ်နှင့်ပညာရေး၊ မပြည့်ပြည့်အောင်က လူငယ်နှင့်စာဖတ်ခြင်း၊ မောင်ရီဝေယံက လူငယ်နှင့်အားကစား၊ မောင်လွင်ဦးက လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်များဖြင့် အပြန်အလှန်ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ကဏ္ဍအလိုက် ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များနှင့်စာအုပ်များကို တက်ရောက်လာသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အဆိုပါလူငယ်စကားဝိုင်းသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အခြေခံပညာအထက်တန်းကျောင်း (ရွှေလှေ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ဂန့်ဂေါမြို့၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြော

ဂန့်ဂေါ အောက်တိုဘာ ၁၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်း) တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများရရှိစေရန် ရည်ရွယ်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ဂန့်ဂေါမြို့ အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်း)၌ အောက်တိုဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း(မြို့မတောင်ပိုင်း) ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လဲ့ရည်လှိုင်က ကလေးသူငယ်အခွင့်အရေးဆိုင်ရာဥပဒေများ၊ ကလေးသူငယ်အသက်အရွယ်၊ ကလေးအလုပ်သမားနှင့်ပတ်သက်သည့် အချက်များ၊ ကလေးတစ်ဦး၏ဖွံ့ဖြိုးမှုနှင့် လူကုန်ကူးခံရသူများအား ပြန်လည်နေရာချထားမှုဆိုင်ရာအကြောင်းအရာများကို ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက လူကုန်ကူးမှု အဓိပ္ပာယ်၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် နှိမ်နင်းရေး၏ရည်ရွယ်ချက်များ၊ ခေါင်းပုံဖြတ်မှုအကြောင်းအရာများ၊ လူကုန်ကူးခြင်းကြောင့် ကျခံရမည့်ပြစ်မှုပြစ်ဒဏ်များအကြောင်းနှင့် ကျောင်းစာအပြင် အသိပညာဗဟုသုတများရရှိစေရေးအတွက် သုတ/ရသ စာအုပ်စာပေများကို လေ့လာဖတ်ရှုကြရန်လိုအပ်ကြောင်းပြောကြားကာ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ရဲနိုင်က မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များ၊ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရမည့်အချက်များနှင့် မီးသတ်ဆေးဘူးအသုံးပြုကာ မီးငြိမ်းသတ်ပုံများကို အသိပညာပေးဟောပြောသည်။

ထို့နောက် အခြေခံပညာမူလတန်းကျောင်း(မြို့မတောင်ပိုင်း) ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသ စာအုပ်စာစောင်များကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးက ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဟောပြောပွဲအပြီးတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များ ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်အေးနှင့်ဝန်ထမ်းများ၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လဲ့ရည်လှိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးဇော်ရဲနိုင်နှင့်တပ်ဖွဲ့ဝင်များ၊ အခြေခံပညာမူလတန်းကျောင်း (မြို့မတောင်ပိုင်း)မှ ကျောင်းအုပ်ဆရာကြီး ဦးဌေးဝင်းနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်မျိုးမင်း**

# ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၃၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၁၆

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်းဧက ၃၂၀၀ ကျော် လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက သတ်မှတ်လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန် အောက်တိုဘာလမှ စတင်စိုက်ပျိုးလျက်ရှိကာ တောင်သူများ အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး လိုအပ်သည့်စိုက်ပျိုးရေးနည်းပညာများ၊ ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သောမျိုးများ စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်မှာ ပဲလွမ်း ၃၂၃၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ သတ်မှတ်စိုက်ဧကပြည့်မီဖို့နဲ့ သီးနှံအထွက်နှုန်းတိုးတက်စေဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်မှာပါ။ ပဲလွမ်းစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး ဒေသနဲ့ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေမှန်ကန်ပြီး သွင်းအားစုပစ္စည်းတွေ စနစ်တကျသုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ကူညီဆောင်ရွက်ပေးမှာဖြစ်တဲ့အပြင် စိုက်ဧကတွေတိုးချဲ့စိုက်ပျိုးနိုင်အောင်လည်း ဆောင်ရွက်ပေးမှာပါ" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများက နှစ်စဉ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံဝင်ငွေတိုးပွားစေရန် ဈေးကွက်ရှိသည့်ပဲလွမ်းကို အားထားစိုက်ပျိုးကြကြောင်း၊ ယခုနှစ် ပဲလွမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံအထွက်နှုန်းတိုးတက်စေရန် အထွက်နှုန်းကောင်းသောမျိုးများရရှိရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပိုးမွှားရောဂါကင်းရှင်းရေး၊ စိုက်ပျိုးရေ စနစ်တကျသုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ တောင်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**



# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

သို့နှင့်လည်း သူ့ပခုံးနှင့်နီးကပ်သော လက်ဝဲလက်မှာ တားဆီး၍မရတော့ဘဲ သူ့လက်ယာပခုံးကို ဆုပ်ကိုင်လိုက်မိပါသေးသည်။ မအမာသည်လည်း ကျွန်ုပ်ကဲ့သို့ပင် တစ်ကိုယ်လုံးတုန်လျက်ရှိပုံရသည်။ လေယာဉ်ပျံရုံကြီးထဲတွင် အနီးဆုံးကုလားထိုင်သို့သွား၍ ဘယ်ကပြန်ပြီး ဘယ်သွားကြမည့်အကြောင်းများကို အပြန်အလှန်ပြောပြလျက်ရှိစဉ် ဤမျှလောက်ကျယ်ဝန်းသော တိုင်းပြည်ကြီးတစ်ပြည်၌ ခရီးသည်တစ်ယောက်နှင့်တစ်ယောက် အချိန်းအချက်မရှိဘဲ တစ်နေရာ၌ တွေ့ဆုံမိခြင်းမှာ အလွန်ခဲယဉ်းလှသည့်အကြောင်း၊ ယခုကဲ့သို့ လေဆိပ်တစ်ခု၌ ဆုံမိကြသည်ဆိုစေဦးတော့ မိနစ်အနည်းငယ်လွဲသွားခဲ့လျှင် တစ်ယောက်ထွက်ပြီးမှ တစ်ယောက်ဝင်လာမည်ဆိုပါက လွဲသွားနိုင်သေးကြောင်း၊ ယခုကဲ့သို့ တည့်တည့်မတ်မတ် ဆိုက်ဆိုက်မြိုက်မြိုက်ဆုံမိကြခြင်းမှာ လူ့ပြည်မှအပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှအပ်တစ်စင်း ဆိုသောစကားပုံကဲ့သို့ အလွန်ကံကြီးလှ၍ တွေ့ဆုံကြရခြင်းဖြစ်သည်ဟု ကျွန်ုပ်က တွေးမိရာ မအမာကလည်း ဤနည်းအတူတွေးမိ၍ ဝမ်းသာလှသည်ဟု ပြောပြလေသည်။ နာရီဝက်ခန့်စကားပြောပြီးသည့်နောက် ကျွန်ုပ်တို့၏ လေယာဉ်ပျံဆိုက်ရောက်လာ၍ နှုတ်ဆက်ကာ ခွဲခွာကြလေရာ မအမာ၏မျက်နှာကို လှမ်းကြည့်လိုက်သောအခါ အလွန်တောက်ပသော မျက်လုံးများကိုမြင်ရသည်နှင့် မျက်ရည်၏အရိပ်အယောင်ဖြစ်လေသလောဟုတွေးတောရင်း လေယာဉ်ပျံပေါ်သို့ တက်ခဲ့ရပါတော့သည်။

**လီနင်ဂရက်သို့**

ကျွန်ုပ်သည် မအမာနှင့် နှစ်ကြိမ်တွေ့ဆုံခဲ့ခြင်းအကြောင်းကို တစ်ဆက်တည်းဖော်ပြလိုသည်နှင့် ရှေ့သို့ အနည်းငယ်ကျော်လွန်ရေးသားထားခြင်းဖြစ်လေရာ ယခုတစ်ဖန် ဂျော်ဂျီယာနယ် တီဘလစ်ဆီမြို့တော်ရှိ ဟိုတယ်မှ ထိုသူငယ်မနှင့်ခွဲခွာပြီး လီနင်ဂရက်မြို့သို့သွားကြသည့်အကြောင်းအရာကို တုံ့ပြန်ဖော်ပြရဦးမည်။ တီဘလစ်ဆီမြို့နှင့် လီနင်ဂရက်မြို့မှာ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀ (မိုင်ပေါင်း ၄၉၂) နှုန်းမျှပျံသန်းသည့် ဂျက်လေယာဉ်ပျံကြီးဖြင့် သုံးနာရီခန့် ပျံသန်းရသောခရီးဖြစ်၍ ဆိုဗီယက်ယူနီယံအတွင်းမျှသာဖြစ်သော်လည်း ခရီးအတော်ကွာလှမ်းသည်ဟု ဆိုရပေမည်။ ကျွန်ုပ်တို့သည်

**"လေယာဉ်မယ်သည် မြန်မာမိန်းကလေးများအကြောင်း၊ ယောက်ျားလေးများအကြောင်း၊ မြန်မာလေယာဉ်ပျံအကြောင်း၊ ရွှေများ ထိန်ထိန်ဝင်းလျက်ရှိသည်ဆိုသော မြန်မာပြည်မှ စေတီများအကြောင်း၊ လူငယ်များ ဝတ်စားဆင်ယင်ပုံအကြောင်း၊ လက်ထပ်ကြပုံထုံးစံနှင့် မင်္ဂလာအခမ်းအနားအကြောင်း စသည်များကို တွတ်တီးတွတ်တာနှင့်မေး၍ ကျွန်ုပ်ကလည်း တတ်အားသမျှ ဖြေဆိုရပါသည်။ ကျွန်ုပ်စားသောက်ပြီး၍ လင်ပန်းကို သိမ်းယူသွားသော်လည်း သူငယ်မသည် တခြားသော အလုပ်ဝတ္တရားများကို ပစ်ထားပြီး ကျွန်ုပ်အနီးသို့ အခေါက်ခေါက်အခါခါလာ၍ ထိုင်ကာ တောင်မေး၊ မြောက်မေး မေးပါသေးသည်. . ."**

လေယာဉ်ပျံပေါ်သို့တက်၍ ခရီးထွက်လာကြသောအခါ လေယာဉ်ပျံပေါ်၌ လိုက်ပါလာသည့် လေယာဉ်မယ် (Air Hostess) သုံးယောက်အနက် တစ်ယောက်သည် ကျွန်ုပ်အတွက် စားစရာများတည်ခင်းပေးရင်း ကျွန်ုပ်နှင့် မျက်မှန်းတန်းမိကြလေပြီ။ မိန်းကလေးသည် ကျွန်ုပ်ကို မြင်သည်နှင့်တစ်ပြုံးနက် ....

"ရှင် ဘာလူမျိုးလဲ"

ဟု မေး၍ ကျွန်ုပ်...

"ဘိရမ္မာ"

ဟုပြောလိုက်ရာတွင် ကျွန်ုပ်အနီးသို့ ချက်ချင်းဝင်ထိုင်ပြီး ...

"ရှင့်ကိုမြင်မြင်ချင်း ကျွန်မက ဘိရမ္မာပြည်အကြောင်းကို သိပ်သိချင်တာပဲ။ ပြောပြစမ်းပါရှင်"

ဟုပြော၏။ ကျွန်ုပ်ကမူ စားရင်းသောက်ရင်း စကားပြောတတ်သည့် အနောက်တိုင်းထုံးစံကို မကြိုက်လှသည်နှင့်.....

"ဘိရမ္မာအကြောင်းကို သိလိုလျှင် ဟိုလူကို မေးကြည့်ပါ"

ဆိုကာ သခင်ကျော်စိန်ကို လက်ညှိုးညွှန်ပြလိုက်၏။ (သခင်ကျော်စိန်ကား မြန်မာပြည်အကြောင်းနှင့် မြန်မာအကြောင်းကိုပြောပြရာ၌ ခပ်ကြွားကြွားလေးနှင့် နားထောင်ကောင်းအောင် ပြောတတ်သူတစ်ယောက်ဖြစ်သည်ဟု ကျွန်ုပ်သိပြီးဖြစ်၏။) သို့ရာတွင် မိန်းကလေးက ...

"ဟင့်အင်း။ သူများပြောပြတာထက် ရှင်ပြောတာကို ကျွန်မပိုပြီးကြားချင်တယ်။ စိတ်ဝင်စားတယ်"

ဟုပြောသည်နှင့် ကျွန်ုပ်မှာ မလွှဲမရှောင်သာဘဲ ပြောပြရပါတော့သည်။

သို့သော် ကျွန်ုပ်က...

"တစ်လျှောက်တည်းတော့ ပြောမပြတတ်ဘူး။ မင်း သိချင်တာကို မေး၊ ငါက ပြောပြမယ်"

ဟု ပြောရ၏။ လေယာဉ်မယ်သည် မြန်မာမိန်းကလေးများအကြောင်း၊ ယောကျ်ားလေးများအကြောင်း၊ မြန်မာလေယာဉ်ပျံအကြောင်း၊ ရွှေများထိန်ထိန်ဝင်းလျက်ရှိသည်ဆိုသော မြန်မာပြည်မှ စေတီများအကြောင်း၊ လူငယ်များ ဝတ်စားဆင်ယင်ပုံအကြောင်း၊ လက်ထပ်ကြပုံထုံးစံနှင့် မင်္ဂလာအခမ်းအနားအကြောင်းစသည်များကို တွတ်တီးတွတ်တာနှင့်မေး၍ ကျွန်ုပ်ကလည်း တတ်အားသမျှ ဖြေဆိုရပါသည်။ ကျွန်ုပ်စားသောက်ပြီး၍ လင်ပန်းကို သိမ်းယူသွားသော်လည်း သူငယ်မသည် တခြားသော အလုပ်ဝတ္တရားများကို ပစ်ထားပြီး ကျွန်ုပ်အနီးသို့ အခေါက်ခေါက်အခါခါလာ၍ ထိုင်ကာ တောင်မေး၊ မြောက်မေး မေးပါသေးသည်။ ကျွန်ုပ်မှာ စကားပြောခြင်းအတတ်၌ လေ့လာထားသူတစ်ယောက်မဟုတ်သော်လည်း အာမီးနီးယားပြည်နယ် တောရွာလေးတွင် တစ်ကြိမ်အောင်မြင်ခဲ့ပြီးကတည်းက အရှက်အကြောက်အတော်ပျောက်ပြီး အတော်သွက်လက်စွာပြောနိုင်လျက်ရှိပါလေပြီ။ မိန်းကလေးများအကြိုက် မြှောက်ပင့်ကာ နားဝင်ချိုအောင်ပြောခြင်းအရာတွင်လည်း ကျွန်ုပ်မှာ အတော်ပညာတိုးလျက်ရှိပါသည်။ သို့ဖြစ်၍ တစ်နာရီနီးပါးမျှ စကားပြောကြရသည်တွင် ဤမိန်းကလေးသည်လည်း တီဘလစ်ဆီမြို့ရှိ ဟိုတယ်မှမိန်းကလေးကဲ့သို့ပင် ကျွန်ုပ်အပေါ်တွင် ခင်မင်ရင်းနှီးလျက်ရှိနေလေပြီ။ ဤသည်မှာလည်း ကျွန်ုပ်၏ စကားပြောကောင်းခြင်းထက် မေတ္တာမျက်လုံး၏သတ္တိဟူ၍ မှတ်ချက်ချလိုက်ပါသည်။

**စိတ်ကို စစ်ဆေးခြင်း**

ကျွန်ုပ်တို့၏ လေယာဉ်ပျံသည် ကိဗ်လေဆိပ်သို့ ဆင်းရာတွင် ဘီးအားလုံးကွဲသွားသည်ဟု သိရ၏။ ကိုလှကျော်ကမူ ဘီးတွေအားလုံးကွဲသွားခြင်းကို လေယာဉ်ပျံပေါ်မှ သူမြင်လိုက်ရသဖြင့် အတော်ထိတ်လန့်သွားသည်ဟုပြော၏။ ထိုနေ့၌ ဆီးနှင်းများ အတော်ထူထပ်စွာကျလျက်ရှိ၍ ကွင်းကြီးပေါ်၌ ရေခဲများထူထပ်စွာတင်နေသည့်အတွက် ရေခဲတုံးကြီးများနှင့်ထိခိုက်မိပြီး ဘီးများ ကွဲသွားခြင်းဖြစ်သည်ဆိုရာ လေယာဉ်မောင်းသမား၏ကျွမ်းကျင်လိမ္မာမှုကြောင့် လေယာဉ်ကြီးကို ချောမောစွာ ရပ်နိုင်ခြင်းဖြစ်ကြောင်း၊ ကျွန်ုပ်တို့ အလွန်ကံကောင်းကြောင်း ကိုလှကျော်က ပြောပြလေသည်။ ကျွန်ုပ်အဖို့ရာ၌မူကား ကျွန်ုပ်၏ မေတ္တာဓာတ်အစွမ်းကြောင့် ဘေးအန္တရာယ် ငြိတွယ်ခြင်းမရှိနိုင်ဟူ၍ စိတ်ချယုံကြည်ထားသည့်အတွက်ကြောင့် ကိုလှကျော်၏ စကားများသည် ကျွန်ုပ်အား အနည်းငယ်မျှ စိုးရိမ်ခြင်း၊ တုန်လှုပ်ခြင်းမဖြစ်စေခဲ့ပါ။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ မိမိ၏ မေတ္တာစိတ်ဓာတ်အစွမ်းကို စိတ်ချယုံကြည်နိုင်ခြင်းသည်ကား စိတ်သက်သာမှုရစေနိုင်ခြင်းမှာ ယုံမှားဖွယ်ရာမရှိပေ။ ကိဗ်လေဆိပ်တွင် ကျွန်ုပ်တို့၏ လေယာဉ်ဘီးများကို အချိန်မီအောင်ပြင်ဆင်ရန် မတတ်နိုင်သဖြင့် ထိုလေယာဉ်ပျံကိုထားခဲ့ပြီး တခြားလေယာဉ်ပျံတစ်စင်းဖြင့် ကျွန်ုပ်တို့ခရီးဆက်ကြရလေသည်။

ဆက်လက်ဖော်ပြပါမည်။


# မအူပင်မြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

မအူပင် အောက်တိုဘာ ၁၆

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျေးလက်နေအမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး ကျွမ်းကျင်လုပ်သားများ ပေါ်ပေါက်လာစေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အခြေခံစက်ချုပ်သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၁၅ ရက်က အဆိုပါဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မအူပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမနားကီးက သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ကြားပေးခဲ့သော အခြေခံစက်ချုပ်နည်းပညာရပ်များနှင့် ပတ်သက်သည့် အသိပညာ၊ အတတ်ပညာများကို စဉ်ဆက်မပြတ် ဆက်လက်လေ့လာပြီး လက်တွေ့နယ်ပယ်တွင် အကျိုးရှိရှိအသုံးချရန်နှင့် ကိုယ်ပိုင်အပ်ချုပ်ဆိုင်၊ အဝတ်အထည်ပစ္စည်းများ ရောင်းချလိုသည့် သင်တန်းသူများကိုလည်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်နေသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းတွင် ထူးချွန်သည့် သင်တန်းသူများအား သင်တန်းထူးချွန်ဆုများနှင့် သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။




အဆိုပါ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံစက်ချုပ်သင်တန်းသို့ မအူပင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၅ ရွာမှ သင်တန်းသူ ၂၀ ဦး တက်ရောက်ပြီး သင်တန်းတွင် အခြေခံစက်ချုပ်နည်းနှင့်ပတ်သက်သည့် သင်ခန်းစာအမျိုးမျိုးကို ကျွမ်းကျင်နည်းပြဆရာများက စာတွေ့လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့် (ကျေးလက်)

# “ငြိမ်းချမ်းသောမြန်မာ့အနာဂတ်တည်ဆောက်ခြင်း”အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ




နေပြည်တော် အောက်တိုဘာ ၁၆

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အစီအစဉ်အဖြစ် **“ငြိမ်းချမ်းသော မြန်မာ့အနာဂတ်တည်ဆောက်ခြင်း”** အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့်ညှိနှိုင်းရေးကော်မတီဝင်များ၊ တပ်မတော်အငြိမ်းစားအရာရှိကြီးများ၊ သံအမတ်ကြီးများနှင့် နိုင်ငံတကာမှဆွေးနွေးကြမည့် ပြည်ပပညာရှင်များ၊ လေ့လာသူများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) မှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ မီဒီယာများနှင့် လေ့လာသူများတက်ရောက်ကြသည်။

ထို့နောက် “ပဋိပက္ခဖျန်ဖြေရေးလုပ်ငန်းများနှင့် ရွေးကောက်ပွဲများ၌ လူထုပါဝင်ရေးစည်းရုံးရာတွင် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို ပြန်လည်သုံးသပ်ခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်းအစီအစဉ်ဆောင်ရွက်ရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှပညာရှင်များက “ရွေးကောက်ပွဲ၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် ရွေးကောက်ပွဲအလွန် ရှေ့လုပ်ငန်းစဉ်များ”၊ “ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း အရပ်သားများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ အခန်းကဏ္ဍ”၊ “လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များ၊ ယုံကြည်မှုတည်ဆောက်ခြင်း၊ တတိယအုပ်စုမှ ကြားဝင်စေ့စပ်ပေးခြင်းနှင့် အကျိုးဆောင်ခြင်း” တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် တက်ရောက်လာကြသူများက သိရှိလိုသည်များမေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ သုံးသပ်ဆွေးနွေးခြင်းတို့ဆောင်ရွက်ကြပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ဦးဆောင်ဆွေးနွေးကြသော ပညာရှင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲတက်ရောက်လာသူများသည် အဖွဲ့နှစ်ဖွဲ့ခွဲ၍ ဆွေးနွေးခြင်းအစီအစဉ်ကိုဆောင်ရွက်ရာ နိုင်ငံရေးကဏ္ဍတွင် အဖွဲ့(၁)က “ငြိမ်းချမ်းရေးတည်ဆောက်မှုအတွက် လက်နက်ကိုင်မဟုတ်သည့် လူမှုအသိုက်အဝန်းများ၊ အရပ်ဘက်တိုင်းရင်းသားခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများ၊ အမျိုးသမီးများ၊ လူငယ်များနှင့် အနာဂတ်မျိုးဆက်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း”၊ “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် နိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျရှေ့ဆက်လက်ဆောင်ရွက်သင့်သည့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း”တို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ စီးပွားရေးကဏ္ဍတွင် အဖွဲ့(၂)က “ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင်ငြိမ်းချမ်းရေးတည်ဆောက်ခြင်းနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆောင်ရွက်ရာ၌ ပထဝီစီးပွားရေးဆိုင်ရာအခွင့်အလမ်းများကို ဖော်ထုတ်ခြင်း၊ စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍကိုမြှင့်တင်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများ ဖော်ထုတ်ခြင်း”၊ “မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက် နိုင်ငံ၏လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ထုတ်ခြင်း” တို့နှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြရာ သဘာပတိများက အမှာစကားများပြောကြားကြပြီး ဦးဆောင်ဆွေးနွေးသူများက သက်ဆိုင်ရာခေါင်းစဉ်အလိုက် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက အမြင်သဘောထားများဆွေးနွေးခြင်း၊ မေးခွန်းမေးမြန်းခြင်း၊ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ထို့ပြင် ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းသာယာသော အနာဂတ်တည်ဆောက်ရန်အတွက်လူ့စွမ်းအားအရင်းအမြစ်များ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး၊ ပထဝီစီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ဖော်ထုတ်၍ စီးပွားရေးအခန်းကဏ္ဍ မြှင့်တင်ရေးနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့်နည်းလမ်းများကို နိုင်ငံ၏လက်ရှိပကတိအခြေအနေနှင့် လက်တွေ့ကျကျ ဆက်လက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်း အသေးစိတ်ဆွေးနွေးကြသည်။ အဆိုပါ ဆွေးနွေးပွဲကိုအောက်တိုဘာလ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# လုပ်ငန်းဆောင်ရွက်မှုများစစ်ဆေးရာတွင် စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများ အချိန်မီထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးပြောကြား

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးသည် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေများကို ထိရောက်အကျိုးရှိစွာ စီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစာရင်း၊ လိုက်နာဆောင်ရွက်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကို စစ်ဆေးရာတွင် စစ်ဆေးရေးစီမံချက်နှင့်အညီစစ်ဆေး၍ စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာများ အချိန်မီထုတ်ပြန်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏စစ်ဆေးရေးလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးကပြောကြားသည်။

ဆက်လက်၍ IT Audit တိုးချဲ့ဆောင်ရွက်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားရေးအတွက် လေ့ကျင့်သင်ကြားရေးအစီအစဉ်များတွင် ရုံးချုပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လက်တွေ့နှင့် ပေါင်းစပ်သင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ကြရန်လည်း လိုအပ်ကြောင်း၊ အရည်အသွေးပြည့်ဝသည့် အစီရင်ခံစာများ အချိန်မီထုတ်ပြန်ရန်၊ အရေးကြီးစစ်ဆေးတွေ့ရှိချက်များ၊ ချက်ချင်းအရေးယူဆောင်ရွက်ရန်များကို အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊ သတင်းအချက်အလက်လုံခြုံမှုရှိစေရေးဂရုပြုကြရန်၊ ကျင့်ဝတ်သိက္ခာလိုက်နာပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်သွားကြရန် ပြောကြားသည်။

ဆွေးနွေးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ နေပြည်တော်စာရင်းစစ်ရုံး၊ မြန်မာနိုင်ငံစာရင်းကောင်စီရုံး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးများမှ ညွှန်ကြားရေးမှူးများက စစ်ဆေးခြင်းဆိုင်ရာ၊ ဝန်ထမ်းရေးရာစီမံခန့်ခွဲခြင်းနှင့် လေ့ကျင့်သင်ကြားခြင်းဆိုင်ရာများ၊ တွေ့ကြုံရသည့်အခက်အခဲ၊ ဖြေရှင်းဆောင်ရွက်ထားရှိမှုများနှင့်ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြကြသည်။



ညှိနှိုင်းဆွေးနွေးပွဲသို့ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး ၁၃ ရုံး၊ နေပြည်တော်စာရင်းစစ်ရုံးနှင့် မြန်မာနိုင်ငံစာရင်းကောင်စီရုံးတို့မှညွှန်ကြားရေးမှူးများနှင့်တာဝန်ရှိသူများက နဝရတ်ခန်းမ၌လည်းကောင်း၊ ချင်းပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးက Online ဖြင့်လည်းကောင်း တက်ရောက်ကြသည်။ အဆိုပါညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာလ ၁၇ ရက်နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့်ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့တွင်နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

(မိုး/ဇလ)

# ဟိုပုံးမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**ဟိုပုံး အောက်တိုဘာ ၁၆**


ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၁၅ ရက်က ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး ဦးစီးအရာရှိ ဒေါ်နန်းခမ်းခြူးက ကျောင်းသား၊ ကျောင်းသူများ စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာပေဖတ်ရှုခြင်းဖြင့် အသိအမြင် အတွေးအခေါ်များနှင့် ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေပြီး ငယ်စဉ်ကတည်းက စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိကာ စာပေချစ်မြတ်နိုးစိတ်များ ကိန်းအောင်းနေစေရန် အသိပညာပေးဟောပြောရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာချိုက ကျောင်းသား၊ ကျောင်းသူများကို အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန်၊ နိုင်ငံ့အနာဂတ်စွမ်းအား အရင်းအမြစ် ပြုစုပျိုးထောင်မှုများ အရှိန်အဟုန်မြင့်မားလာစေရန်၊ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ စာဖတ်သည့်အလေ့အကျင့်နှင့် စာကြည့်တိုက်များသို့ သွားလာအသုံးချနိုင်မည့် အလေ့အကျင့်များဖြစ်လာစေရန်၊ ပညာဗဟုသုတပြည့်ဝ၍ အနာဂတ်တွင် နိုင်ငံတော်အတွက် ဦးဆောင်ဦးရွက်ပြုသူများဖြစ်စေရန် ရည်ရွယ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် သုတ၊ ရသစာအုပ်စာစောင်ပြသခြင်းများ ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးမှ ခင်းကျင်းပြသထားသည့် သုတ၊ ရသ စာအုပ်စာစောင်များကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **ချမ်းမြေ့**

## မိုးလေဝသ သတင်း




# လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများကျင်းပ

**ဒေးဒရဲ အောက်တိုဘာ ၁၆**



ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲအခမ်းအနားကို အောက်တိုဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပဗဟုသုတများ တိုးပွားစေရေး၊ ပြည်သူ့စာကြည့်တိုက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရေးအတွက် အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်သင်းသင်းမွန်က လူကုန်ကူးမှုဖြစ်ပေါ်လာနိုင်သည့် အခြေအနေများ၊ လူကုန်ကူးမှုကျူးလွန်သူများ ပြုလုပ်သည့်အဆင့်များ၊ လူကုန်ကူးခံရသူများ တွေ့ကြုံရနိုင်သည့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် အဖွဲ့အစည်းများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများအကြောင်းကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ အခြေခံပညာမူလတန်းအဆင့် ပုံပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်စာစောင်များနှင့် လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေး နံရံကပ်စာစောင်များကို တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။ **အေဇာလင်း**

# လှိုင်းဘွဲ့မြို့နယ်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**လှိုင်းဘွဲ့ အောက်တိုဘာ ၁၆**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုညွှ့်သည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (၁၁) ကြိမ်မြောက် ထုတ်ချေးခြင်းကို အောက်တိုဘာလ ၁၆ ရက်တွင် ဆောင်ရွက်သည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် လှိုင်းဘွဲ့မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက ကိုညွှ့်သည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး စုစုပေါင်း အသင်းသား ၃၅ ဦးကို ရန်ပုံငွေ ငွေကျပ် ၆၂၅ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ကိုသက်**

# ဒဂုံတက္ကသိုလ်၌ Grade-12 ကျောင်းသား ကျောင်းသူများအား တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ခြင်းအခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(အရှေ့ပိုင်း) မြို့နယ် ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ အခြေခံပညာအထက်တန်းကျောင်းများမှ Grade-12 ကျောင်းသား၊ ကျောင်းသူများအား တက္ကသိုလ်များရှိ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၁၅ ရက်က ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မြကျွန်းညို့တက္ကသိုလ်သီချင်းဖြင့် ဖွင့်လှစ်ခဲ့ပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အဖွင့်အမှာစကားပြောကြားကာ ကျောင်းသား၊ ကျောင်းသူများက ပညာ့ရိပ်မြုံဒဂုံတက္ကသိုလ်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့သည်။

ဆက်လက်၍ ဒဂုံမြို့သစ်ခရိုင် ပညာရေးမှူး ဦးငွေသူရက ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းနှင့် သက်ဆိုင်ရာဘာသာရပ်ပါမောက္ခများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အခမ်းအနားသို့ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ်ဒေါက်တာဝင်းဝင်းသန်းနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဘာသာရပ်ဆိုင်ရာဆရာ၊ ဆရာမများ၊ ဒဂုံမြို့သစ်ခရိုင် ပညာရေးမှူး၊ ဆရာ၊ ဆရာမများ၊ Grade-12 ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။ **(၂၈၅)**

# မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲစာရင်းဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည်များကို စုံစမ်းမေးမြန်းနိုင်ရန်နှင့် ကြုံတွေ့ရသည့်အခက်အခဲများကို သတင်းပို့နိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက တာဝန်ခံဖြေကြားပေးမည့် Call Centre များကို ဖွင့်လှစ်ထားရှိပေးထားပါသည်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အောက်ပါ Call Centre ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၃၀၂ (၂) ၀၆၇-၃၄၀၄၃၀၃
- (၃) ၀၆၇-၃၄၀၄၃၀၄ (၄) ၀၉-၂၅၂၁၁၆၉၉၆
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၂၁၁၆၉၉၆

(ခ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၁၇၉၆၇ (၂) ၀၆၇-၄၁၇၉၆၃
- (၃) ၀၆၇-၈၈၁၇၅၀၂၅၆ (၄) ၀၉-၅၃၃၀၁၃၀
- (၅) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၈၁၇၅၀၂၅၆

(ဂ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကချင်ပြည်နယ်)
- (၁) ၀၁-၃၃၃၁၆၃၅
- (၂) ၀၉-၄၂၂၅၄၄၆၆၉
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၂၁၃၀၃

(ဃ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကယားပြည်နယ်)
- (၁) ၀၉-၈၈၁၄၄၆၆၈၆
- (၂) ၀၉-၈၈၆၈၃၄၂၃၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၈၅၆၃၆၈၁၁

(င) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၁၁၇၅
- (၂) ၀၅၈-၂၄၃၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၇၇၈၇၁၀၁၄၆

(စ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ချင်းပြည်နယ်)
- (၁) ၀၁-၃၃၃၆၆၁၁
- (၂) ၀၁-၃၃၃၆၆၂၂
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၂၉၉၃၂၃၃

(ဆ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၅
- (၂) ၀၇၁-၂၀၃၂၀၉၆
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၇၉၇၇၉၅၂၀

(ဇ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၁၂၁၁
- (၂) ၀၅၉-၂၀၂၃၅၂၅
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၃၇၂၉၉၀

(ဈ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၂၁၂၆၈
- (၂) ၀၅၂- ၂၂၀၁၉၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၂၅၁၁၃၃၁၈၇

(ည) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃- ၂၀၂၈၈၈၉
- (၂) ၀၆၃- ၂၀၂၈၈၉၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉- ၅၂၀၂၆၅၉

(ဋ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၆၉၀၄၂
- (၂) ၀၂-၄၀၆၇၃၄၄
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၆၀၂၂၇၇၇

(ဌ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၂၅၆
- (၂) ၀၅၇-၂၀၂၄၃၉၁
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၀၀၇၀၉၀၃

(ဍ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရခိုင်ပြည်နယ်)
- (၁) ၀၉-၄၂၁၇၄၂၄၈
- (၂) ၀၉-၄၃၀၉၄၄၅၇
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၂၁၇၁၅၄၉၄

(ဎ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၂၅၀၆၂၉၃
- (၂) ၀၁-၂၃၀၆၂၅၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၄၁၆၅၁၄၁၆

(ဏ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၉၉၅
- (၂) ၀၈၁-၂၁၂၄၅၄၀
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၄၁၀၁၅၀၈

(တ) ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ(ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၄၆၁၆
- (၂) ၀၄၂-၂၃၇၈၃
- (၃) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၅၈၃၇၀၃၀

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပေးပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန်မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်)အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန်ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်းလုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၆**

ယနေ့မွန်းတည့် ၁၂ နာရီအချိန်တိုင်းထွာချက်အရ မယ်ဆိုင်ချောင်းရေသည် တာချီလိတ်မြို့(လွယ်တော်ခမ်းကျေးရွာ)တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့်ကျော်လွန်နေပြီး အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့် မြင့်တက်လာနိုင်သည်။

သို့ဖြစ်ပါ၍ တာချီလိတ်မြို့အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## သဇင်(FM) အသံလွှင့်အစီအစဉ်

၁၇-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၈:၀၀ | For Youth |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသားစကားပြောကြရအောင် |
| ၄။ | ၁၇:၀၀ | ထူးခြားထင်ရှားကမ္ဘာတစ်လွှား |
| ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၆။ | ၂၁:၂၀ | စာလာတယ်ဖျို့ |

## MWD Education, Knowledge & Sports Channel

၁၇-၁၀-၂၀၂၅(သောကြာနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၄၅ | Grade - 9 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၂။ | ၁၅:၃၀ - ၁၅:၅၅ | Grade - 9 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၃။ | ၁၅:၅၅ - ၁၇:၃၀ | Grade - 9 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |

## MWD Variety Channel

၁၇-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၄၅ | ကလောင်ရှင်များနှင့်တွေ့ဆုံခြင်း |
| ၂။ | ၁၀:၄၀ | Countries of the World |
| ၃။ | ၁၁:၄၅ | သောတဆင်စရာတေးမြန်မာ |
| ၄။ | ၁၄:၅၀ | ကျန်းမာသောဘဝ |
| ၅။ | ၁၆:၂၀ | လူငယ်ရှေ့ရေးအတွေးကမ္ဘာ |

# သွေးအတွင်းအဆီများခြင်းမဖြစ်စေရေး ဂရုပြုနေထိုင်သင့်

အဆီသည် ခန္ဓာကိုယ်အတွက် စွမ်းအင်ပေးသည့်အာဟာရတစ်မျိုးဖြစ်သည်။ ခန္ဓာကိုယ်မှမထုတ်လုပ်နိုင်သော မရှိမဖြစ်လိုအပ်သည့် အက်စစ်ဓာတ်များကို ဖန်တီးပေးသည်။ ဗီတာမင်-A ၊ ဗီတာမင်-D၊ ဗီတာမင်-E၊ ဗီတာမင်-K စုပ်ယူမှုတွင် ကူညီပေးသည်။ အဆီသည် အစားအစာကိုပျော့ပျောင်းစေပြီး ကောင်းမွန်သောအနံ့၊ အရသာနှင့် အသွင်အပြင်ကို ရရှိစေသည်။ အဆီတွင် ကိုလက်စထရောနှင့် Fatty-acid အမျိုးအစားများစွာပါဝင်ပြီး ခန္ဓာကိုယ်အတွက် မတူညီသော အကျိုးကျေးဇူးများရှိသည်။ သို့သော် အဆီများလွန်းသောအစားအစာများကို စားသုံးပါက Hyperlipidemia ဖြစ်စေပြီး နှလုံးရောဂါနှင့် လေဖြတ်ခြင်းတို့ဖြစ်နိုင်သည်။

သွေးတွင်းအဆီများခြင်းကို သွေးဖောက်စစ်ကြည့်မှသာ သိနိုင်သည်။ သွေးဖောက်စစ်ရာ၌ ည ၁၀ နာရီနောက်ပိုင်း မစားထားသော အာဟာရပြတ်ကာလ (Fasting) တွင် စစ်သင့်သည်။ တစ်ညတာအိပ်စက်ပြီး နံနက် ၆-၇ နာရီတွင် သွေးဖောက်စစ်လိုက်သည့်အခါ Fasting Lipid Profile ဆိုသည့် ရလဒ်ထွက်သည်။

မကောင်းသောကိုလက်စထရော (LDL) များနေသည်ကို သွေးတွင်းအဆီများခြင်းရောဂါဟု သတ်မှတ်သကဲ့သို့ ကောင်းသောကိုလက်စထရော(HDL) နည်းခြင်းကိုလည်း ရောဂါဟုသတ်မှတ်သည်။ စုစုပေါင်းကိုလက်စထရော (Total Cholesterol) တစ်ခုတည်းသာစစ်မည်ဆိုပါက HDL တက်ခြင်း၊ ကျခြင်း၊ LDL တက်ခြင်း၊ ကျခြင်းမသိနိုင်ပါ။

**"သွေးတွင်းအဆီများခြင်းသည် အထိုင်များခြင်းနှင့်ဆက်စပ်နေသည်။ နေထိုင်မှုပုံစံများတွင် ချိုလွန်း၊ ငန်လွန်း၊ စိမ့်လွန်း၊ အဆီများလွန်းသောအစားအစာများကို စားသောက်ပြီးသည်နှင့် နေ့စဉ် နာရီဝက်မှတစ်နာရီကြာ အပြေး၊ ရွှရွှပြေး၊ စက်ဘီးစီး၊ လမ်းလျှောက်၊ ရေကူးတစ်ခုခုပြုလုပ်သင့်သည်။ အားကစားပြုလုပ်ခြင်းသည် နေ့စဉ်စားသောက်၍ ပိုလျှံသောကယ်လိုရီများကို အဆီအဖြစ်မစုဆောင်းစေဘဲ ချွေးအဖြစ် စွန့်ထုတ်စေသဖြင့် အဆီစုခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုး၊ နှလုံးရောဂါတို့မှ ကင်းဝေးစေသည် . . ."**

အဆီပိတ်ဆို့မှုကြောင့် သွေးကြောပိတ်ခြင်းသည် နှလုံးရောဂါနှင့် လေဖြတ်ခြင်းဖြစ်နိုင်သည်။ ပုံမှန်မဟုတ်သောအဆီပမာဏ၊ မသင့်လျော်သောစားသုံးမှုသည် ခန္ဓာကိုယ်အလေးချိန်ကို စံနှုန်းထက် ပိုမိုမြင့်မားစေသည်။

ကြက်ကြော်၊ ငှက်ပျောသီးကြော် စသည်တို့ကဲ့သို့ ဆီများသောအစားအစာများကို ရှောင်ကြဉ်သင့်သည်။ အုန်းနို့ဟင်း၊ အုန်းနို့ပါသောအချိုပွဲများကို ရှောင်ကြဉ်သင့်သည်။ အစားအစာများကို ဂရုစိုက်စားသောက်သင့်သည်။ ပဲပြုတ်၊ ခရမ်းချဉ်သီး၊ အသုပ်၊ အပြုတ်၊ အကင် စသည့်အစားအစာများ စားသင့်သည်။

အဆီများလွန်းပါက သွေးကြောနံရံများအတွင်း၌ ကပ်နေပြီး သွေးကြောများကျဉ်းသွားစေနိုင်သည်။ နှစ်စဉ် ကျန်းမာရေးစစ်ဆေးသင့်သည်။

ကျန်းမာရေးကောင်းစေရန် အချို၊ အဆီ၊ ငန်သောအစားအစာများကို လျှော့စားသင့်သည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများစားသင့်သည်။

သွေးတွင်းအဆီကို ဖောက်စစ်ပြီး သတ်မှတ်ထားသည်ထက်နည်းခြင်း၊ များခြင်းရှိပါက သွေးတွင်းအဆီများသည့်ရောဂါဟုခေါ်သည်။

သွေးတွင်းအဆီမများစေရန် ဝက်ဆီ၊ အမဲဆီနှင့် စားအုန်းဆီ ရှောင်ရမည်။ တခြားအဆီအအိမ့်များသောအစားအစာများ ရှောင်သင့်သည်။ တစ်နည်းအားဖြင့် အခန်းအပူချိန်တွင် ခဲသွားသည့်အဆီကို မကောင်းသောအဆီအဖြစ် သတ်မှတ်သည်။ ချိစ်၊ ထောပတ်များ လျှော့စားသင့်သည်။

သွေးတွင်းအဆီများခြင်းသည် အထိုင်များခြင်းနှင့်ဆက်စပ်နေသည်။ နေထိုင်မှုပုံစံများတွင် ချိုလွန်း၊ ငန်လွန်း၊ ဆိမ့်လွန်း၊ အဆီများလွန်းသောအစားအစာများကို စားသောက်ပြီးသည်နှင့် နေ့စဉ် နာရီဝက်မှတစ်နာရီကြာ အပြေး၊ ရွှရွှပြေး၊ စက်ဘီးစီး၊ လမ်းလျှောက်၊ ရေကူးတစ်ခုခုပြုလုပ်သင့်သည်။ အားကစားပြုလုပ်ခြင်းသည် နေ့စဉ်စားသောက်၍ ပိုလျှံသောကယ်လိုရီများကို အဆီအဖြစ်မစုဆောင်းစေဘဲ ချွေးအဖြစ် စွန့်ထုတ်စေသဖြင့် အဆီစုခြင်း၊ အဝလွန်ခြင်း၊ ဆီးချိုသွေးချိုရောဂါ၊ သွေးတိုး၊ နှလုံးရောဂါတို့မှကင်းဝေးစေသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းပါက သွေးတွင်းအဆီပိုများစေသည်။ သွေးတွင်းအဆီများခြင်းကို ကျန်းမာစေသည့်နေထိုင်မှုပုံစံ (Healthy Lifestyle) ဖြင့် ကာကွယ်နိုင်သည်။ အစားအသောက်ဆင်ခြင်ခြင်းနှင့် နေ့စဉ် နာရီဝက်မှ တစ်နာရီကြာ အားကစားပြုလုပ်ခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။

ခန္ဓာကိုယ်ကို အဝမလွန်စေရန် ဂရုစိုက်သင့်သည်။ အစားအသောက်ရှောင်ရုံတင်မက လေ့ကျင့်ခန်းမလုပ်ပါက နှလုံးသွေးကြောကျဉ်းနိုင်ခြေများသည်။ အသက်ကြီးလာသည်နှင့်အမျှ သွေးတွင်းအဆီဓာတ်များလာလေ့ရှိသည်။ အဆီများလာသည့်အတွက် သက်ကြီးရွယ်အိုများအဝမလွန်စေရန်နှင့် သွေးတွင်းအဆီမများစေရန် ထိန်းထားသင့်သည်။ စိတ်ဖိစီးမှုကိုလျှော့ချပြီး သွက်လက်တက်ကြွသောလူနေမှုပုံစံဖြင့် နေထိုင်သင့်သည်။ ရေများများသောက်သင့်သည်။ ညတွင် ၆-၈ နာရီ ပြည့်ပြည့်ဝဝအိပ်စက်သင့်သည်။

သွေးတွင်းအဆီများခြင်းမဖြစ်စေရန်၊ အဆီများလျော့ကျစေရန် ဆေးသောက်သင့်သည်။ အဆီကျဆေးနှင့်ပိန်ဆေးမတူညီပါ။ အဆီကျဆေးသောက်သည့်နေရာ၌လည်း ပဏာမကြိုတင်ကာကွယ်ခြင်း (Primary Prevention)ဆိုသည့် မည်သည့်ရောဂါမျှမရှိမီကတည်းက ဆေးကိုကြိုသောက်သည့်နည်းအနေဖြင့် အဆီကျဆေးသောက်မည်ဆိုပါက ကျန်းမာရေးနှင့်မညီသောကြောင့် ဆရာဝန်များ ခွင့်မပြုတတ်ပါ။

သုတေသနများအရ စိုးရိမ်စရာမရှိဘဲ အဆီကျဆေးသောက်မည်ဆိုလျှင် ဆီးချိုရောဂါဖြစ်လာနိုင်သည်ဟုဆိုသည်။ ထို့ပြင် အဆီကျဆေး၏ဘေးထွက်ဆိုးကျိုးသည် အသည်းကို တစ်ခါတစ်ရံ ထိခိုက်စေနိုင်သည်။ ခြေသလုံးကြွက်သားနာခြင်းဖြစ်တတ်သည်။ ထို့ကြောင့် အဆီကျဆေးကို ပိန်ဆေးသဘောသောက်သုံးခြင်းအား ခွင့်မပြုခြင်းဖြစ်သည်။

အကယ်၍ ရောဂါမရှိဘဲ အဆီကျဆေး ညစဉ်သောက်သုံးပါက ခြေသလုံးကြွက်သားနာခြင်း၊ အသည်းထိခိုက်စေခြင်း၊ ဆီးချို၊ သွေးချိုရောဂါစသည်တို့ဖြစ်တတ်သည်။ အသည်းကိုထိခိုက်နိုင်သည်ဆိုသော်လည်း အမြဲမဟုတ်ချေ။ လူ ၁၀၀၀ လျှင် တစ်ယောက်မျှသာ ဘေးထွက်ဆိုးကျိုးခံစားရခြင်းဖြစ်သည်။

သွေးတွင်းအဆီများခြင်းသည် နှလုံးသွေးကြောကျဉ်းရောဂါအပါအဝင် အမျိုးမျိုးသောကျန်းမာရေးပြဿနာများဖြစ်စေနိုင်သည်။ သွေးတွင်းအဆီကျစေနိုင်သောဆေးများသည်လည်း ဘေးထွက်ဆိုးကျိုးများရှိနိုင်သည်။

အချုပ်ဆိုရသော် သွေးတွင်းအဆီကျဆေးကို သွေးတွင်းကိုလက်စထရောများသူများသာ သောက်သုံးရသည်။ သွေးတွင်းကိုလက်စထရောကိုလျှော့ချပြီး နှလုံးသွေးကြောကျဉ်းခြင်းမဖြစ်ရန် လုပ်ဆောင်နိုင်သကဲ့သို့ နှလုံးသွေးကြောရောဂါ၊ လေဖြတ်ရောဂါ၊ သွေးကြောပိတ်ရောဂါများမဖြစ်ရန် နေ့စဉ်နေထိုင်မှုပုံစံကို ဂရုပြုရင်း ရောဂါဖြစ်ခြင်းမှ ကာကွယ်နိုင်ကြစေလိုကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဒေါက်တာလွင်သန့်**

---

## ကျောင်းသား ကျောင်းသူများအား ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့ မေးခိုင်ကာကွယ်ဆေး (DT)ထိုးနှံပေးလျက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းခရိုင် မြောက်ဥက္ကလာပမြို့နယ် အခြေခံပညာကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့ မေးခိုင်ကာကွယ်ဆေး (DT)ထိုးနှံပေးခြင်းကို အောက်တိုဘာလ ၁၆ ရက်တွင် ကွင်းဆင်းထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV)နှင့် ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမျိုးမင်းထွန်း ဦးဆောင်ကြီးကြပ်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်း အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများရှိ အသက်ငါးနှစ်ပြည့်ပြီး ခုနစ်နှစ်မကျော်သော ကျောင်းသား၊ ကျောင်းသူ ၅၂၂၀ ဦးအား ဆုံဆို့ မေးခိုင်ကာကွယ်ဆေး (DT) ထိုးနှံပေးခြင်းနှင့် အသက်ကိုးနှစ်ပြည့်ပြီး ၁၀ နှစ်မကျော်သော ကျောင်းသူ ၂၁၃၄ ဦးအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး (HPV) ထိုးနှံပေးလျက်ရှိသည်။



အဆိုပါ ကျောင်းအခြေပြု သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) နှင့် ဆုံဆို့ မေးခိုင်ကာကွယ်ဆေး(DT)ထိုးနှံပေးခြင်းကို အောက်တိုဘာလတတိယပတ်မှ စတင်ထိုးနှံပေးခြင်းဖြစ်ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# “ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး NCA အကောင်အထည်ဖော်မှုကို နောင်လာမယ့် ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့်ဟာတွေကို Roadmap ပုံစံမျိုး ဒီနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြပါတယ်” ဒေါက်တာခင်မောင်ဦး

**NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ အောက်တိုဘာလ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ တက်ရောက်လာသူများအား တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည် -**



ဒေါက်တာခင်မောင်ဦး



H.E. Mr. Shri Abhay Thakur



ဒေါက်တာဇော်ဦး



ဒေါက်တာအောင်မြတ်ဦး



ဦးခေါ်တိန့်



ဦးစောသန်းမြင့်



ဦးညိုအုန်းမြင့်



ဦးညီရန်း

**ဒေါက်တာခင်မောင်ဦး**
**ဥက္ကဋ္ဌ၊ ညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ**

ဒီနေ့ ဒုတိယနေ့ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ၊ သံအမတ်ကြီးတွေ၊ အိန္ဒိယနိုင်ငံက ပညာရှင်တွေ၊ မလေးရှားနိုင်ငံက ပညာရှင်တွေ တက်ရောက်လာကြတယ်။ ပြီးတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး NCA အကောင်အထည်ဖော်မှုကို နောင်လာမယ့် ထွက်ပေါ်လာမယ့်အစိုးရလက်ထက်မှာ ဆက်လက်ဆောင်ရွက်ရမယ့်ဟာတွေကို Roadmap ပုံစံမျိုး ဒီနေ့ဆွေးနွေးပွဲမှာ ဆွေးနွေးသွားကြပါတယ်။ နောင်ထွက်ပေါ်လာမယ့် အစိုးရလက်ထက်မှာ ငြိမ်းချမ်းသာယာပြီး အားလုံးပြည့်ပြည့်စုံစုံနဲ့ ဖွံ့ဖြိုးတိုးတက်မယ့်လမ်းကြောင်းတစ်ခုအပေါ် တွန်းတင်ပေးလိုက်တဲ့ ဆွေးနွေးပွဲတစ်ခုလို့ မြင်မိပါတယ်။

အများကြီးအထောက်အကူပြုနိုင်မှာပါ။ ငြိမ်းချမ်းမှုမရှိရင် ပြည်သူတွေ ဘယ်လိုဒုက္ခတွေ ခံစားရတယ်၊ ဘယ်လိုအခက်အခဲတွေရင်ဆိုင်ရတယ်၊ ဘယ်လိုတွေ ဖြတ်သန်းနေရတယ်ဆိုတာတွေကို ပြည်သူတွေ အသိဆုံးပဲဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲက မနေ့ကအခမ်းအနားမှာ သူ့ရင်ထဲကလာတဲ့ ပြည်သူတွေအတွက် စိတ်စေတနာကို ပြောကြားထားပါတယ်။ ပြည်သူတွေအတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်ချင်တယ်၊ ငြိမ်းချမ်းချင်တယ်၊ နိုင်ငံတကာမှာ မျက်နှာပန်းလှချင်လို့ နိုင်ငံတော်အကြီးအကဲအနေနဲ့ ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ အုတ်တစ်ချပ်သဲတစ်ပွင့်အနေနဲ့ တစ်ဖက်တစ်လမ်းကနေ ပါဝင်ဖို့ ကြိုးစားနေပါတယ်။

**H.E. Mr. Shri Abhay Thakur**
**မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး**

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ ကျင်းပတဲ့အချိန်အခါဟာ မြန်မာနိုင်ငံအတွက်အရေးပါတဲ့နေ့တစ်နေ့ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအကူးအပြောင်းကာလအတွက် ဒီအချိန်က အင်မတန်အရေးကြီးပါတယ်။ ဒီလိုအခမ်းအနားမှာ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ကျွန်တော့်အနေနဲ့ အင်မတန် ဝမ်းသာပါတယ်။ သမိုင်းတွင်မယ့် ဖြစ်စဉ်တစ်ခုလို့လည်း ယုံကြည်ပါတယ်။ NCA ကို ငြိမ်းချမ်းစွာ အပြည့်အဝအကောင်အထည်ဖော်ဖို့ဆိုရင် နိုင်ငံအတွင်းက ပါတီအဖွဲ့အစည်းတွေအပေါ်မှာ မူတည်တယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော့်အနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို စောင့်ကြည့်အကူအညီပေးသွားမှာဖြစ်ပါတယ်။ အလုပ်ရုံဆွေးနွေးပွဲမှာ မြန်မာနိုင်ငံနဲ့အတူ ကျွန်တော်တို့ အတူတကွ လာရောက်ပြီးတော့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအတွက် အဖြေရှာကြတာဖြစ်ပါတယ်။

**ဒေါက်တာဇော်ဦး**
**စီးပွားရေးပညာရှင်**

ဒီနှစ်ဆွေးနွေးပွဲမှာ နိုင်ငံတကာပညာရှင်တွေ လာရောက်ဆွေးနွေးတဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုပါဝင်ပြီးတော့ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ အရင်တုန်းကဆွေးနွေးခဲ့ခြင်းမရှိတဲ့ စီးပွားရေးနဲ့ပတ်သက်တဲ့ ကိစ္စတွေကို ထည့်သွင်းဆွေးနွေးသွားကြမှာဖြစ်ပါတယ်။ အဓိကက နိုင်ငံတကာမှာ ပိုပြီးရှေ့တန်းကို ရောက်ရှိလာတဲ့ ပထဝီစီးပွားရေးအကြောင်းအရာတွေ ဖြစ်ပါတယ်။ အရင်က ပထဝီနိုင်ငံရေးကြောင့် ပဋိပက္ခတွေဖြစ်ကြတယ်။ အခုကာလမှာတော့ ပထဝီစီးပွားရေးကို ဖော်ဆောင်ရင်း ပဋိပက္ခတွေကိုကျော်လွှားပြီးတော့ ငြိမ်းချမ်းရေးရရှိလာကြတဲ့ သာဓကတွေလည်း ရှိလာပါတယ်။ ပြည်တွင်းပဋိပက္ခတွေရှိတဲ့ နိုင်ငံတော်တော်များများမှာ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ပေါ်လာတာကြောင့် ငြိမ်းချမ်းရေးရရှိလာကြတယ်။ NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားမှာ မြန်မာနိုင်ငံအတွက် ငြိမ်းချမ်းရေးရရှိဖို့ ပထဝီစီးပွားရေးအခွင့်အလမ်းတွေ ဘာတွေရှိနေသလဲ၊ ဒီအခွင့်အလမ်းတွေကို အိမ်နီးချင်းနိုင်ငံတွေနဲ့ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်မလဲဆိုတာ ဆွေးနွေးကြမယ်။

ဆွေးနွေးပွဲ ဒုတိယနေ့နဲ့ တတိယနေ့မှာက ပထမနေ့ဆွေးနွေးထားတဲ့ နိုင်ငံတကာက တင်ပြချက်တွေ၊ အကြံပြုချက်တွေကိုအခြေခံပြီး တက်ရောက်လာတဲ့ ငြိမ်းချမ်းရေးမှာ ပါဝင်ခဲ့သူတွေရဲ့ သုံးသပ်မှုတွေနဲ့ပေါင်းစပ်ပြီး ရှေ့ကိုဘယ်လိုဆောင်ရွက်နိုင်မလဲဆိုတဲ့ ရှေ့လုပ်ငန်းစဉ်တွေကို ဖော်ထုတ်သွားဖို့လည်းရှိပါတယ်။

ဆွေးနွေးမှုတွေကနေ အနာဂတ်အတွက် ပေါ်ထွက်လာမယ့်အကြံပြုချက်တွေကိုဖော်ထုတ်ပြီး ပေါ်ပေါက်လာမယ့် အစိုးရအသစ် ဆက်လက်ဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်၊ အနာဂတ်ကာလမှာ လက်တွေ့ဆောင်ရွက်လို့ရမယ့်အရာတွေကို အကြံပြုနိုင်တဲ့အထိ အခုဆွေးနွေးပွဲကနေ ဖော်ထုတ်သွားမှာဖြစ်ပါတယ်။

**ဒေါက်တာအောင်မြတ်ဦး**
**ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ**

ငြိမ်းချမ်းရေးအတွက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကိစ္စတွေက အစပျိုးလုပ်ဆောင်ရတဲ့ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ဒီထဲမှာ နိုင်ငံရေးညှိနှိုင်းမှုတွေ၊ အသွင်ကူးပြောင်းတဲ့ကိစ္စတွေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတွေ၊ တိုင်းရင်းသားရေးရာတွေ အစရှိတာတွေကို တွဲပြီးဆောင်ရွက်သွားရတာဖြစ်ပါတယ်။ အစပျိုးဖြစ်တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးလုပ်ငန်းအတွက် NCA နဲ့စပြီး NCA ကိုလက်မှတ်ရေးထိုးကြတယ်။ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်ခဲ့ကြတယ်။

အခုနိုင်ငံရဲ့အနေအထားကို ကြည့်မယ်ဆိုရင် ငြိမ်းချမ်းရေးဟာ အရေးကြီးလုပ်ဆောင်ရမယ့်အနေအထားဖြစ်ပါတယ်။ ပြည်သူတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ အများကြီးလုပ်ဆောင်ဖို့လိုအပ်နေတာ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင် အရှိန်အဟုန်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို လုပ်ဆောင်လို့မရဘူးဖြစ်နေတယ်။ အခုရရှိထားတဲ့ NCA ဆိုတာလွယ်လွယ်နဲ့ ဖြစ်လာတာမဟုတ်ပါဘူး။ နှစ်တွေအကြာကြီး ကြိုးစားတည်ဆောက်လာခဲ့ရတာပါ။ ဒီအပေါ်မှာ အခြေပြုပြီး NCA ပိုပြီးကျယ်ပြန့်လာအောင်၊ ပစ်ခတ်တိုက်ခိုက်မှုတွေ ပိုပြီးရပ်စဲလာအောင် ဒီလိုမျိုးအခမ်းအနားတွေ လုပ်ဆောင်ပေးတာဖြစ်ပါတယ်။

ရွေးကောက်ပွဲအပြီး ဖြစ်ပေါ်လာမယ့် နိုင်ငံရေးအခင်းအကျင်းကို အများကြီးမျှော်လင့်ပါတယ်။ ကျွန်တော်တို့ ပါတီအနေနဲ့ ဒီနေ့ဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသွားမယ့် အခန်းကဏ္ဍတွေ ရှိပါတယ်။ အသွင်ပြောင်းလဲရေးတစ်ခုကို လုပ်ဆောင်တဲ့နေရာမှာ ပဋိပက္ခတွေနဲ့ လုပ်ဆောင်မလား၊ နိုင်ငံရေးဆွေးနွေးမှုတွေနဲ့လုပ်ဆောင်မလားဆိုတာအရေးကြီးပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲတွေ၊ ညှိနှိုင်းဆွေးနွေးပွဲတွေနဲ့ သွားတဲ့လမ်းကြောင်းကို ရွေးချယ်ကြပါလို့ တိုက်တွန်းပြောကြားချင်ပါတယ်။

**ဦးခေါ်တိန့်**
**အတွင်းရေးမှူး၊ ဒီမိုကရေစီပါတီသစ်(ကချင်)**

NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ အခမ်းအနားကို ကဏ္ဍစုံ၊ နယ်ပယ်စုံက ပုဂ္ဂိုလ်တွေ စုံစုံလင်လင်တက်ရောက်ကြတဲ့အတွက် ဒီနေ့အခမ်းအနားက ထူးခြားပါတယ်။ နိုင်ငံငြိမ်းချမ်းပြီးသာယာဝပြောဖို့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးကိုရှေးရှုပြီး ရွေးကောက်ပွဲကျင်းပသွားမယ်လို့ ပြောကြားသွားတဲ့အတွက် ကျွန်တော်တို့ ပြည်သူလူထုအားလုံး အားတက်ရပါတယ်၊ လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းဖို့က ရွေးကောက်ပွဲအကြိုမှာ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စရပ်ဖြစ်ပါတယ်။ ရွေးကောက်ပွဲကျင်းပနိုင်ဖို့က အရေးကြီးပါတယ်။ ရွေးကောက်ပွဲ အောင်မြင်စွာဆောင်ရွက်နိုင်ဖို့ ကြိုးစားရမယ်။ နှစ်ကာလကြာမြင့်စွာတည်ရှိနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းဖို့၊ ငြိမ်းချမ်းဖို့က ပြည်သူတွေအားလုံး လိုလားတောင့်တနေတာပါ။ အမြန်ဆုံးငြိမ်းချမ်းချင်ကြတယ်။ အမြန်ဆုံးတိုင်းပြည်သာယာဝပြောစေချင်တယ်။ ဒါကြောင့် ရွေးကောက်ပွဲအလွန်ကာလမှာ ပေါ်ပေါက်လာမယ့် အစိုးရနဲ့ လွှတ်တော်အတွက် အကောင်းဆုံးအထောက်အကူပြုနိုင်အောင် အခုလို နိုင်ငံရေးနည်းနဲ့ ဆွေးနွေးအဖြေရှာကြတာဖြစ်ပါတယ်။

**ဦးစောသန်းမြင့်**
**တွဲဖက်အထွေထွေအတွင်းရေးမှူး၊ ရှမ်းနှင့် တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ (ကျားဖြူပါတီ)**

ကျွန်တော်တို့ တိုင်းရင်းသားအားလုံးအတွက် ငြိမ်းချမ်းရေးက အဓိကအလိုအပ်ဆုံးအရာပဲဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးနဲ့ နိုင်ငံသားအားလုံးကို ဆိုလိုခြင်းဖြစ်ပြီး အားလုံးက ငြိမ်းချမ်းချင်ကြပါတယ်။ ကျွန်တော်တို့ ပါတီတွေက ပိုပြီးငြိမ်းချမ်းချင်ပါတယ်။ ကျွန်တော်တို့ ပါတီတွေက ပြည်သူလူထုကို တစ်ဆင့်တာဝန်ခံပေးရတဲ့အဖွဲ့အစည်းတွေဖြစ်တဲ့အတွက်

**စာမျက်နှာ ၁၀ သို့ ➲**

**၁ စာမျက်နှာ ၉ မှအဆက်**

နိုင်ငံငြိမ်းချမ်းမှ ဖြစ်မယ်။ ဒါကြောင့် ဒီနေ့အခမ်းအနားကို တက်ရောက်လာခြင်းက ငြိမ်းချမ်းရေးကို အထူးလိုလားတဲ့အတွက် တက်ရောက်လာခြင်းဖြစ်ပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲကနေ ပိုမိုကောင်းမွန်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲရလဒ်တွေ အများကြီးထွက်ရှိလာမယ်လို့ ယုံကြည်မိတဲ့အတွက်ကြောင့် ဒီနေ့အခမ်းအနားကိုတက်ရောက်လာခြင်းဖြစ်ပါတယ်။ အခုဆွေးနွေးပွဲမှာ ငြိမ်းချမ်းရေးကို ဘယ်လိုရှုထောင့်ကနေ ကူညီထောက်ပံ့အကြံပြုရမလဲဆိုတာကို အဓိကထားပြီး တက်ရောက်လာခြင်းဖြစ်ပါတယ်။

**ဦးညိုအုန်းမြင့်**
**အကြံပေး၊ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့**

နိုင်ငံရေးအခင်းအကျင်း၊ ဒေသန္တရနိုင်ငံရေးအခင်းအကျင်း၊ ပထဝီနိုင်ငံရေးအခင်းအကျင်းပြောင်းလဲလာတဲ့အတွက် မျှော်လင့်ချက်တစ်ခု ရှိလာပါတယ်။ ပဋိပက္ခရဲ့ပြဿနာက နိုင်ငံရေးရဲ့ပြဿနာပါပဲ။ ဒီလိုငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ များများပြုလုပ်လေလေ၊ ပါဝင်ပတ်သက်သူဦးရေတွေ တိုးလာလေလေဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲကလည်း ငြိမ်းချမ်းရေးကိုအလေးထားကြောင်း ခဏခဏပြောကြားပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ စဉ်းစားချက်တွေက နိုင်ငံရေးရော၊ ငြိမ်းချမ်းရေးရော အပြိုင်သွားဖို့ ကြိုးစားတယ်လို့ ထင်မြင်မိပါတယ်။ ဒါကြောင့် လက်နက်ကိုင်အင်အားစုတွေ၊ တိုင်းရင်းသားအင်အားစုတွေ၊ နိုင်ငံရေးအရ မတူညီတဲ့ အရာတွေကို စားပွဲဝိုင်းပေါ်မှာ ဖြေရှင်းလို့ ရနိုင်တဲ့ အနေအထားနဲ့ နိုင်ငံရေးပြောင်းလဲမှုလုပ်ဖို့ လိုမယ်လို့ထင်ပါတယ်။

**ဦးညီရန်း**
**ဆက်ဆံရေးတာဝန်ခံ၊ "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)**

ကျွန်တော် NCA (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်ရခြင်းက ငြိမ်းချမ်းရေးကို တန်ဖိုးထားတဲ့အနေနဲ့ တက်ရောက်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ "ဝ"အဖွဲ့အနေနဲ့ ငြိမ်းချမ်းရေး ရယူထားတာ နှစ်ပေါင်း ၃၀ နီးနီးလောက်ရှိပြီ ဖြစ်ပါတယ်။ ဒီနေ့အခမ်းအနားကြီးကနေ ငြိမ်းချမ်းရေးအတွက် အကောင်းဆုံး မျှော်လင့်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်တွေ၊ လုပ်ဆောင်ချက်တွေကို အားပေးတဲ့အတွက် ဒီအခမ်းအနားကို ပါဝင်တက်ရောက်လာခြင်းဖြစ်ပါတယ်။ ။

**သတင်းအဖွဲ့**

# ပန်းတောင်းမြို့နယ် ကျောက်ဖူးကျေးရွာ၌ မိုးစပါးစံပြကွက်ရိတ်သိမ်း

**ပန်းတောင်း အောက်တိုဘာ ၁၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာလ ၁၅ ရက်က ကျောက်ဖူးကျေးရွာအုပ်စု ကျောက်ဖူးကျေးရွာရှိ တောင်သူဦးအေးနိုင်၏ လယ်မြေကွင်းအမှတ် (၁၆၈) ဦးပိုင်အမှတ်(၁၉)၌ ကျင်းပသည်။

အဆိုပါ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်သူရနှင့် ကော်မတီဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးသင်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများက မိုးစပါးစံပြကွက်အား စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့်ရိတ်သိမ်းနေမှုများနှင့် မိုးစပါးစိုက်ပျိုးအောင်မြင်နေမှုအခြေအနေများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် မိုးစပါးစံပြကွက်ကိုရိတ်သိမ်းရာ တစ်ဧကလျှင် အစို ၁၂၇ တင်း၊ အခြောက် ၁၁၇ တင်းခန့်ထွက်ရှိကြောင်း သိရသည်။ **လပြည့်လင်း(ပြန်/ဆက်)**

# သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးနှင့် DT ကာကွယ်ဆေးထိုးနှံပေး

လဟယ် အောက်တိုဘာ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း၌ အောက်တိုဘာလ ၁၅ ရက် နံနက်ပိုင်းတွင် လဟယ်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးဌာန ကျန်းမာရေးဝန်ထမ်းများက ကျောင်းအခြေပြုသားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေး(HPV) ကာကွယ်ဆေးနှင့် DT ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်သည်။

ထိုသို့ထိုးနှံပေးရာတွင် DT (တီဘီ၊ စိုစွတ်အဆုတ်ရောဂါ)ကာကွယ်ဆေးထိုးနှံပေးရာတွင် KG တန်းမှ အသက်ငါးနှစ်မှခုနစ်နှစ်ကြားရှိ ကျောင်းသား၊ ကျောင်းသူ ၅၃ ဦး၊ HPV သားအိမ်ခေါင်းကင်ဆာကာကွယ်ဆေးကို အသက်ကိုးနှစ်မှ ၁၀ နှစ်ကြားရှိ ကျောင်းသူ ၂၉ ဦး စုစုပေါင်း ၈၂ ဦးတို့အား ထိုးနှံပေးပြီး မြို့ပေါ်ရပ်ကွက်များရှိ အခြေခံပညာကျောင်းများ၌ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# ဟိုင်းကြီးကျွန်းမြို့မှထွက်ရှိသော ပန်းခရုများအရောင်းအဝယ်ကောင်း



ဟိုင်းကြီးကျွန်း အောက်တိုဘာ ၁၆

ယခုနှစ် ခရုရာသီအစတွင် ဟိုင်းကြီးကျွန်းမြို့မှ ထွက်ရှိသည့် ပန်းခရုများ အရောင်းအဝယ်ကောင်းမွန်ကြောင်း ခရုလုပ်ငန်းလုပ်ကိုင်သူတစ်ဦး၏ပြောပြချက်အရ သိရသည်။

ခရုလုပ်ငန်းအား နှစ်စဉ်အောက်တိုဘာလမှ ဧပြီလအထိ လုပ်ကိုင်ကြသော်လည်း ယခုနှစ်တွင် ဈေးကွက်လိုအပ်ချက်အရ ရာသီစောကာ လုပ်ငန်းခွင်ဝင်ကြပြီး ပင်လယ်လုပ်ငန်းများတွင် အရင်းအနှီးနည်းကာ လက်ရှိတွင် ဝင်ငွေထွက်ခြေကိုက်နေသည့်လုပ်ငန်းလည်းဖြစ်သဖြင့် လုပ်ငန်းရှင်အများစုမှာ တစ်နိုင်တစ်ပိုင်လုပ်ကိုင်လာကြသည်။

"ကျွန်တော်တို့ ခရုလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် ယခုလိုရာသီအစမှာ ခရုဈေးကောင်းနေတဲ့အတွက် အဆင်ပြေကြပါတယ်။ ခရုလုပ်ငန်းက ပင်လယ်လုပ်ငန်းများထဲမှာ အရင်းအနှီးအနည်းဆုံးနဲ့ လုပ်ငန်းအကျိုးအမြတ်ရရှိတဲ့ လုပ်ငန်းတစ်ခုလည်းဖြစ်ပါတယ်။ ခရုဖမ်းတာက ပင်လယ်ရေအောက် သဲနုန်းအစပ်တွေကိုရှာဖွေပြီး မြှုးထောင်ဖမ်းဆီးကြရပါတယ်။ ခရုဖမ်းလှေတစ်စင်းကို မြှုးအလုံးရေ ၂၀၀ မှ ၆၀၀ အထိပါရှိကြပြီး အချို့လှေကြီးများမှာ မြှုးအလုံးရေ ၁၀၀၀ ကျော်အထိလုပ်ကိုင်ကြပါတယ်၊ အခုလက်ရှိမှာ ကျွန်တော်တို့ဒေသပတ်ဝန်းကျင်ရေပြင်မှာ ခရုက ရှာဖွေဖမ်းဆီးလို့ရနေသေးတော့ လုပ်ငန်းရှင်တွေအဆင်ပြေကြပါတယ်"ဟု လုပ်ငန်းလုပ်ကိုင်သူ ကိုစိုးဇော်က ပြောသည်။

လက်ရှိတွင် ပန်းခရုများမှာ အလုံးအသေးအကြီးအလိုက် ဈေးကောင်းရရှိနေပြီး ခရုဖမ်းလှေတစ်စင်း တစ်ရက်လျှင် ခရုပိဿာ ၁၀၀ မှ ၃၀၀ အထိရရှိနေပြီး သုံးရက်လျှင် တစ်ကြိမ်ကမ်းခြေသို့ဝင်ရောက်ကာ အရောင်းအဝယ်ပြုလုပ်ကြပြီး အရောင်းအဝယ်ကောင်းမွန်နေသည့်အတွက် လုပ်ငန်းလုပ်ကိုင်သူများလည်း အဆင်ပြေလျက်ရှိကြောင်း၊ ခရုမြှုးထောင်သည့်လုပ်ငန်းသည် လုပ်ငန်းတွက်ခြေကိုက်သည့်လုပ်ငန်းဖြစ်သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် ခရုလုပ်ငန်းလုပ်ကိုင်သူ ပိုမိုများလာကြောင်းသိရသည်။

(၄၀၇)

# ငြိမ်းချမ်းသာယာ ပြည်မြန်မာ

❖ ထာဝစဉ် ငြိမ်းချမ်းရေး
ဆွေးနွေးလို့ အဖြေရှာ။
တပ်မတော် ဦးဆောင်မှုနဲ့
ပေါင်းစုရမှာ။
တစ်စိတ်တစ်ဝမ်း ညီညီညာ
ပြည်သာဖို့ ရည်မြော်တွေး။
ငြိမ်းချမ်းရေး ပန်းခင်းလမ်းမှာ
လျှောက်လှမ်းမယ်လေး။

❖ အဖျက်ရန်တွေ ရှိနေသရွေ့
ချမ်းမြေ့မှု ကင်းဝေးနေ။
သောင်းကျန်းသူ ဘေးရန်ဝေးမှ
အေးချမ်းမယ်လေ။
လမ်း တံတား အဆောက်အုံတွေ
ဖျက်ဆီးနေ အဖျက်သမား။
အဖျက်ရန် ခလုတ်တံသင်းကို
ရှင်းလင်းဖယ်ရှား။

❖ တိုင်းရင်းသားတွေ စည်းလုံးမှုနဲ့
ပြည်ထောင်စုကြီး သာယာအောင်။
တူညီစွာ ပေါင်းစုအားနဲ့
ကြိုးစားရွက်ဆောင်။
ငြိမ်းချမ်းတဲ့ မြန်ပြည်ထောင်
အမှောင်ခွာ လင်းလက်စေဖို့။
မဆုတ် မနစ် လုံ့လ ဇွဲနဲ့
တွဲလက်ညီစို့။

❖ ပြည်သူတွေ လိုအင်ဆန္ဒ
အေးမြတဲ့ လောကီဘုံ။
သောင်းကျန်းသူ အဖျက်သမား
ခါးသီးမှုစုံ။
လူမှုဘဝ လုံလုံခြုံခြုံ
ပြီးပြည့်စုံ နေထိုင်ရေး။
ငြိမ်းချမ်းစွာ တွေ့ဆုံပွဲ
နွှဲကြမယ်လေး။ ။

**မောင်မောင်အေး(ဘိုကလေး)**

# ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝန်ကြီးအဆင့်အစည်းအဝေးသို့တက်ရောက်လာသည့် နိုင်ငံခြားရေးဝန်ကြီးများ၊ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တို့နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီတွေ့ဆုံ



နေပြည်တော်   အောက်တိုဘာ ၁၆

ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပသည့် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့၏ ဝန်ကြီးအဆင့်အစည်းအဝေး (Non-aligned Movement- NAM) တက်ရောက်လျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် နှစ်နိုင်ငံချစ်ကြည်ရေး တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာလ ၁၅ ရက်တွင် မိုဇမ်ဘစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maria Manuela Lucas၊ အီရန်နိုင်ငံခြားရေးဝန်ကြီး H.E. Abbas Araghchi၊ ဘယ်လာရုစ်နိုင်ငံခြားရေးဝန်ကြီး H.E. Maxim RYZHENKOV၊ ကျူးဘားနိုင်ငံခြားရေးဝန်ကြီး H.E. Mr. Bruno Rodr□guez Parrilla၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ် H.E.Md. Touhid Hossain နှင့် အီတလီနိုင်ငံဆိုင်ရာ နီကာရာဂွါသံအမတ်ကြီး H.E. Mrs. Monica Robelo Raffone တို့နှင့်လည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်တွင် ယူဂန်ဒါသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Gen. Odongo Jeje Abubakhar နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများတွင် ရှိရင်းစွဲသံတမန်ဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းစေရေး၊ နှစ်နိုင်ငံအဆင့် နိုင်ငံရေးရာဆွေးနွေးမှုများပြုလုပ်သွားရေး၊ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့ကို အလေးထားဆွေးနွေးခဲ့ပြီး ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စများတွင် ပိုမိုထိတွေ့ညှိနှိုင်းဆောင်ရွက်ရေး စသည့်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။ ထို့ပြင် မြန်မာ-ယူဂန်ဒါနှင့် မြန်မာ-မိုဇမ်ဘစ်တို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ရေးအလားအလာနှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံရာတွင် ၂၀၁၆-၂၀၁၇ ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံဘက်က ရခိုင်ပြည်နယ်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ မြန်မာဘက်ကဆောင်ရွက်နေမှုများကို အလေးပေးပြောကြားခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံအနက် အာဖရိကရှိ ၂၀ နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂၆ နိုင်ငံတို့နှင့် သံတမန်ဆက်ဆံရေး ထူထောင်ထားရှိပြီးဖြစ်ကြောင်း သိရသည်။ မြဝတီ

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာနိုင်နိုင်လတ်<br>ဒုတိယပါမောက္ခချုပ်<br>မိုးညွှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မိုးညွှင်းတက္ကသိုလ်<br>အဆင့်မြင့်ပညာဦးစီးဌာန<br>ပညာရေးဝန်ကြီးဌာန |
| (၂) | ဒေါ်စီစီချိန်<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအဖွဲ့<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

## ၁၆-၁၀-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀) ကျပ်**ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော်   အောက်တိုဘာ ၁၆

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဂုဏ်ပြုညစာစားပွဲနှင့် ဒုတိယနေ့အစည်းအဝေးများကျင်းပ



နေပြည်တော်   အောက်တိုဘာ ၁၆

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပလျက်ရှိသော (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့်ဆက်စပ်အစည်းအဝေးများသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့်ကိုယ်စားလှယ်အဖွဲ့တက်ရောက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် အိမ်ရှင် ကမ္ဘောဒီးယားနိုင်ငံက တည်ခင်းသော ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် အခြားသော အာဆီယံနိုင်ငံများမှ ဝန်ကြီးများနှင့်အတူ ကမ္ဘောဒီးယားနိုင်ငံ ဘုရင့်နန်းတော်၌ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် H.E. Samdech Moha Borvor Thipadei Hun Manet နှင့် တွေ့ဆုံပြီး (၁၃) ကြိမ်မြောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများဖွင့်ပွဲအခမ်းအနားနှင့် ကမ္ဘောဒီးယားနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနေ့အထိမ်းအမှတ်အခမ်းအနားများသို့တက်ရောက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် Sofitel ဟိုတယ်တွင် ပြုလုပ်သည့် (၅) ကြိမ်မြောက် အာဆီယံ-တရုတ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးသို့ ဆက်လက်တက်ရောက်သည်။ အစည်းအဝေးတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) အကောင်အထည်ဖော်နိုင်မှုအခြေအနေများ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက တရုတ်ပြည်သူ့သမ္မတနိုင်ငံက သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၅) ရေးဆွဲ၍ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့်အတွက် ဒေသတွင်းရလဒ်ကောင်းများရရှိခဲ့ကြောင်း၊ မန္တလေးငလျင်ကြီးကြုံတွေ့ခံစားရချိန်တွင် ရှာဖွေကယ်ဆယ်ရေးနှင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ ချက်ချင်းစေလွှတ်ပေးခဲ့မှု၊ လူသားချင်းစာနာမှု အကူအညီများပေးအပ်ခဲ့မှုနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာ ကူညီပေးခဲ့မှုများအတွက် ကျေးဇူးအထူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်ဘေးအန္တရာယ်များမှ ကြံ့ကြံ့ခံရင်ဆိုင်နိုင်သည့် အာဆီယံဒေသဖြစ်စေရေး အာဆီယံ-တရုတ်ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများတွင်ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် (၅) ကြိမ်မြောက် အာဆီယံ-ဂျပန် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အရေးပေါ်ထောက်ပံ့ပို့ဆောင်ရေးစနစ် (Disaster Emergency Logistic System for ASEAN-DELSA)ထူထောင်ခြင်းအပါအဝင် အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများတွင် စဉ်ဆက်မပြတ်ပူးပေါင်းဆောင်ရွက်မှုအတွက် ကျေးဇူးတင်ရှိကြောင်း၊ မန္တလေးငလျင်ကြီးတုံ့ပြန်ဆောင်ရွက်ရေးတွင် ဂျပန်နိုင်ငံက ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များနှင့်ကယ်ဆယ်ရေးပစ္စည်းများကူညီထောက်ပံ့ပေးခဲ့မှုအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၄) ကြိမ်မြောက်အာဆီယံ-ကိုရီးယားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးသို့ တက်ရောက်သည်။

ထို့နောက် အာဆီယံသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေး၏ ၂၀၂၅ ခုနှစ်အတွက် အလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ၂၀၂၆ ခုနှစ်တွင် အလှည့်ကျဥက္ကဋ္ဌအဖြစ်တာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားနိုင်ငံသို့ ဥက္ကဋ္ဌတာဝန်လွှဲပြောင်းပေးအပ်သည်။

အစည်းအဝေးများသို့ အာဆီယံနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံတို့မှ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီးချုပ်များနှင့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မြဝတီ

# ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှု၊ ဝန်ထမ်းအိမ်ရာအသစ်ဆောက်လုပ်နေမှု နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



နေပြည်တော် အောက်တိုဘာ ၁၆

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့်အတူ ဇမ္ဗူသီရိမြို့နယ်အတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုနှင့် ဝန်ထမ်းအိမ်ရာများအသစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် ကုံကော်အိမ်ရာသို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့မှုရှိစေရန် ပြုပြင်ထိန်းသိမ်းရေး၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းများကိုသာ လုပ်ငန်းခွင်တွင်အသုံးပြုရေး၊ ငလျင်ဒဏ်အပြင်သဘာဝဘေးအန္တရာယ်များ ခံနိုင်ရည်ရှိအောင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဆောင်ရွက်ရေး၊ ဝန်ထမ်းအိမ်ရာဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး၊ အမှိုက်များကင်းစင်ပြီး ရေများတင်ကျန်မှုမရှိစေရေးအတွက်ရေနုတ်မြောင်းများ စနစ်တကျဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် သုခသိဒ္ဓိရပ်ကွက် အကွက်အမှတ်(၈-က)သို့ သွားရောက်၍ ၆၀၀ စတုရန်းပေရှိသော လေးခန်းတွဲလေးထပ်အမှုထမ်းအိမ်ရာများ အသစ်ဆောက်လုပ်နေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများကို အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရန် အလေးထားဆောင်ရွက်ရေး၊ ငလျင်အပါအဝင်သဘာဝဘေးအန္တရာယ်ထိခိုက်မှုမရှိအောင်သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရေး၊ တာဝန်ရှိသူများအနေဖြင့် လိုအပ်သည်များကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် လယ်ဝေးမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် လေဆိပ်လမ်းသို့ သွားရောက်ပြီး လမ်းဘေးဝဲယာ သန့်ရှင်းသာယာလှပရေး၊ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလန်းစိုပြည်ရေးရာသီအလိုက်ပန်းအလှပင်များနှင့် အရိပ်ရအပင်များ ထပ်မံစိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ကတ္တရာလမ်း AC ခင်းကျင်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသိရသည်။

မြဝတီ

# မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၆

မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပသည်။



ဦးစွာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်က မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွင်း ၁၉၉၃ ခုနှစ်မှ စတင်လက်မှတ်ရေးထိုးခဲ့သည့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာ မဲခေါင်နားလည်မှုစာချွန်လွှာသည် ဒေသတွင်း မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုနှင့်သုံးစွဲမှုများကိုတိုက်ဖျက်ရာတွင် မဲခေါင်အဖွဲ့ဝင်နိုင်ငံများအတွက် အလွန်အရေးပါသောယန္တရားတစ်ခုဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများအနေဖြင့်လည်း မဲခေါင်မြစ်ဝှမ်းဒေသအတွင်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများဖြစ်သည့် မူးယစ်ဆေးစွဲကုသမှုပေးရေး၊ ကြိုတင်ကာကွယ်အသိပညာပေးရေး၊ တားဆီးနှိမ်နင်းရေး၊ ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်ရေးအတွက် အစားထိုးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ၊ သတင်းအချက်အလက်များဖလှယ်ခြင်းနှင့် ပူးတွဲစစ်ဆင်ရေးများကို အရှိန်အဟုန်မပြတ်ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ လူလုပ်မူးယစ်ဆေးဝါး (Synthetic Drug) ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုများသည် မဲခေါင်ဒေသတွင်းနိုင်ငံများအတွက် စိုးရိမ်ဖွယ်ရာအခြေအနေတစ်ရပ်ဖြစ်လာကြောင်း၊ Happy Water ကဲ့သို့ လူလုပ်မူးယစ်ဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှ ပေါ်ထွက်နေသည်ကို ဖမ်းဆီးရမိမှုဖြစ်စဉ်များအရ တွေ့ရှိရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုထိရောက်စွာအကောင်အထည်ဖော်ရန်အတွက် ၂၀၁၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း အထူးစစ်ဆင်ရေးပေါင်းအကြိမ် ၄၀ ဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ၂၀၂၅ ခုနှစ် ဧပြီလ ၁၃ ရက်မှစ၍ တပ်မတော်၊ အကောက်ခွန်တို့နှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးသတင်းရယူဖော်ထုတ်ဖမ်းဆီးရေးစီမံချက်အား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေချိန်တွင် လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေးမတည်ငြိမ်မှုအပေါ် အခွင့်ကောင်းယူပြီး မြန်မာနိုင်ငံအတွင်းရှိ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းနှင့်ထုတ်လုပ်သည့်ပုံစံများတွင် နည်းလမ်းအမျိုးမျိုးနှင့် ပုံစံအသစ်များအသုံးပြုလာမှုကြောင့် စုံစမ်းဖော်ထုတ်နိုင်ရန် အခက်အခဲများလည်းရှိနေကြောင်း။

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသပြင်ပမှ ဓာတုဗေဒပညာရှင်များသည် ဥပဒေအရ ထိန်းချုပ်ထားသော ဓာတုပစ္စည်းများအစား ထိန်းချုပ်ထားခြင်းမရှိသော ဓာတုပစ္စည်းများကို အစားထိုးအသုံးပြုလာကြပြီး မူးယစ်ဆေးဝါးချက်သည့်နေရာများသို့ ဝင်ရောက်နေသည့်အတွက် အဆိုပါဓာတုပညာရှင်များကိုထိန်းချုပ်တားဆီးနိုင်ရေး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ သတင်းဖလှယ်ပေးပို့စေလိုကြောင်းနှင့် တရားခံများ ဖမ်းဆီးရမိရေးကိုလည်း ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း၊ ဘေးကင်းလုံခြုံသော မဲခေါင် ပူးတွဲစစ်ဆင်ရေးကို ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်မှ ဩဂုတ်လ ၃၁ ရက်အထိ ပြုလုပ်ခဲ့ရာတွင် မြန်မာနိုင်ငံအနေဖြင့် မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ဒေသတွင်းနိုင်ငံများနှင့် အထူးစစ်ဆင်ရေးများတွင် ပူးပေါင်းဆောင်ရွက်သွားရန်အသင့်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်သန့်လွင်မောင် ဦးဆောင်သောကိုယ်စားလှယ် ၁၅ ဦး၊ မဲခေါင်အဖွဲ့ဝင်နိုင်ငံများနှင့် UNODC တို့မှခေါင်းဆောင်များနှင့်ကိုယ်စားလှယ် ၄၃ ဦး တက်ရောက်၍ ဒေသခွဲလုပ်ငန်းစီမံချက် ၁၂ ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း၊ MoU ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအပေါ်ဆွေးနွေးခြင်း၊ (၆၈)ကြိမ်မြောက် မူးယစ်ဆေးဝါးဆိုင်ရာကော်မရှင်အစည်းအဝေး၏ရလဒ်တို့အား ဆွေးနွေးခြင်း၊ မဲခေါင် MoU လုပ်ငန်းအဖွဲ့များ၏လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ၂၀၂၅-၂၀၂၆ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့်ပတ်သက်၍ တင်ပြခြင်း၊ ဒေသခွဲလုပ်ငန်းစီမံချက် ၁၃ ကို ပြန်လည်သုံးသပ်ခြင်းနှင့်အတည်ပြုခြင်း၊ ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများအတွက် နိုင်ငံအလိုက်ကြိုးပမ်းဆောင်ရွက်ရန်အကြံပြုခြင်းနှင့် ကတိကဝတ်ပြုခြင်းတို့အား ဆွေးနွေးခဲ့ကြောင်းနှင့်မဲခေါင် MoU အစည်းအဝေးကို အောက်တိုဘာလ ၁၇ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်ဇုန်ရှိ အားကစားကွင်း၌ ဆက်လက်ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပရိသတ်များ တစ်ခဲနက်လာရောက်ကြည့်ရှု အားပေးကြသည်။

ယနေ့ ဘောလုံးပြိုင်ပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ရှမ်းပြည်နယ်အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် ပွဲပြီးဆုံးခဲ့သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၂၅ နှစ်အောက်အမျိုးသမီးဘောလုံးပြိုင်ပွဲအဖြစ် အောက်တိုဘာလ ၁၁ ရက်မှ ၁၈ ရက်အထိ အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့်ရေဝတီတိုင်းဒေသကြီးတို့တွင် ဇုန် လေးဇုန်ခွဲ၍ ကျင်းပလျက်ရှိရာ အောက်တိုဘာလ ၂၁ ရက်၊ ၂၃ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပမည့် ရှုံးထွက်ပွဲစဉ်များ၊ တတိယလုပွဲ ပွဲစဉ်နှင့်ဗိုလ်လုပွဲ ပွဲစဉ်များကို ရန်ကုန်မြို့ရှိ အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

အောက်တိုဘာလ ၁၇ ရက်**(ယနေ့)**ပြိုင်ပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီမှစတင်၍ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီးအသင်းနှင့်ကချင်ပြည်နယ်အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆိုအခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

# ကထိန်အလှူပွဲနှင့် အကျိုးတရားများ

ညွန့်ဝင်း(နတ်တလင်း)



ယခုကာလသည် သီတင်းကျွတ်ကာလသို့ရောက်လာပြီဖြစ်ရာ မြန်မာတို့၏ရိုးရာကောင်းမှုအလှူပွဲတစ်ခုဖြစ်သည့် ကထိန်အလှူပွဲကျင်းပချိန်ဖြစ်သည်။ သီတင်းကျွတ်လပြည့်ကျော် တစ်ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကို ကထိန်ခင်းနိုင်သည့်ကာလအဖြစ် ဘုရားရှင်က သတ်မှတ်ပေးခဲ့သည်။ ထို့ကြောင့် မြန်မာလူမျိုးတို့သည် သီတင်းကျွတ်ချိန်မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လအတွင်းတွင် နိုင်ငံအနှံ့အပြား၌ ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲများကို နှစ်စဉ်ကျင်းပလာခဲ့ကြသည်။

ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းသည့်ဓလေ့ဖြစ်ပေါ်လာပုံကို အကျဉ်းမျှတင်ပြပါမည်။ မြတ်စွာဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်တွင် သီတင်းသုံးတော်မူစဉ်ဖြစ်သည်။ အရညကင်ဓုတင်၊ ပိဏ္ဍပါတ်ဓုတင်၊ ပံသုကူဓုတင်၊ တိစီဝရိတ်ဓုတင်ဆောက်တည်ကြသော ရဟန်းသုံးကျိပ်တို့သည် မြတ်စွာဘုရားရှင်ကိုဖူးမြော်ရန် ပါဝေယျမြို့မှ အလွန်ဝေးကွာလှသော သာဝတ္ထိပြည်သို့ကြွလာကြသည်။ ထိုသို့ကြွလာချိန်သည် ရဟန်းတော်များ ဝါဆိုရမည့်နေ့ရောက်ရှိလာချိန်ဖြစ်သဖြင့် သာဝတ္ထိပြည်မရောက်မီ ယူဇနာ ၆၀ ကွာဝေးသော သာကေတဟူသည့်မြို့မှာပင် ဝါဆိုလိုက်ကြရသည်။

ဝါလကင်းလွတ်၍ဝါကျွတ်သည့်အခါ ရဟန်းတော်တို့သည် မြတ်စွာဘုရားရှင်အားဖူးမြော်ရန် ဆက်လက်ကြွခဲ့ကြသည်။ ထိုသို့ကြွရာလမ်းခရီး၌ မိုးတွင်းကာလဖြစ်၍ ရဟန်းတော်တို့ဝတ်ရုံထားသော သင်္ကန်းများသည် မိုးရေတို့ဖြင့်စိုရွှဲနေလေသည်။ ရဟန်းတော်များ မြတ်စွာဘုရားထံရောက်သော် မြတ်စွာဘုရားက ရဟန်းတော်များကို ဝါတွင်းကာလတွင် ချမ်းချမ်းသာသာသီတင်းသုံးခဲ့ရပါသလားဟု မေးမြန်းပါသည်။ ရဟန်းတော်တို့က မိမိဆင်းရဲဒုက္ခရောက်ရပုံများကို ဘုရားရှင်ထံလျှောက်ထားကြရာ မြတ်စွာဘုရားရှင်က ရဟန်းတော်များ နောင်တွင်ချမ်းသာစွာ သီတင်းသုံးနိုင်ရန် ပုရိမဝါကပ်ခြင်းနှင့်ပြည့်စုံသော (ဝါမကျိုးမပျက်ဘဲ ဝါကျွတ်လာသော)ရဟန်းတို့အား ကထိန်ခင်းခွင့်ပြုခဲ့ပါသည်။

ကထိန်သင်္ကန်းကပ်လှူမှုကို ခံယူခွင့်ရှိသောရဟန်းမှာ ဝါတွင်းသုံးလပတ်လုံး ဝါမကျိုးမပျက်ဘဲ ပဝါရဏာပြုသောရဟန်းသာလျှင်ဖြစ်သည်။ တစ်နည်းအားဖြင့် အကျင့်၊ သီလ၊ သိက္ခာနှင့်ပြည့်စုံသော ရဟန်းသည်သာ ကထိန်သင်္ကန်းကပ်လှူပူဇော်ခံခွင့်ရှိခြင်းဖြစ်သည်။ ကထိန်သင်္ကန်းကပ်လှူရာ၌ “ကထိန်ခင်းရန်၊ ထုတ်မိန့်ပြန်၊ သုံးတန်သင်္ကန်းမျိုး”ဟု ဆိုသည့်အတိုင်း ဒုကုဋ်သင်္ကန်း ခေါ် နှစ်ထပ်သင်္ကန်းကြီး၊ ကေသီ ခေါ် ကိုယ်ဝတ်သင်္ကန်းနှင့် သင်းပိုင် ခေါ် ခါးဝတ်သင်္ကန်းဟူသော ဘုရားခွင့်ပြုသည့် သင်္ကန်းသုံးထည်တို့ကိုလှူဒါန်းနိုင်ပြီး သံဃာတော်တို့ ကထိန်ခင်းခွင့်ရကြသည်။ မြတ်စွာဘုရားက ဝိနည်းနှင့်ပြည့်စုံသည့် ရဟန်းတော်တို့ကို ထိုသို့ကထိန်ခင်းခွင့်ပြုခဲ့သဖြင့် ကထိန်အကျိုးတရားငါးပါးကို ရဟန်းတော်တို့ရရှိသည်။ ယင်းအကျိုးငါးပါးကား ရဟန်းသည် (၁)အထင်အရှားရှိသောရဟန်းကိုမပန်ကြားဘဲ ဒါယကာ၊ ဒါယိကာမတို့၏နေအိမ် အစရှိသော နေရာများသို့သွားလာနိုင်ခြင်း (၂)မိမိနှင့်ကင်းကွာ၍မရသော တိစီဝရိတ်အဓိဋ္ဌာန်တင်ထားသည့်သင်္ကန်းကို မယူဆောင်ဘဲ သွားနိုင်ခြင်း (၃)ဒါယကာ၊ ဒါယိကာမတို့၏ မဆီလျော်မအပ်စပ်သည့် ဆွမ်းဖိတ်ကြားမှုကို လွတ်လပ်စွာသုံးဆောင်နိုင်ခြင်း (၄) အလိုရှိတိုင်း အဓိဋ္ဌာန်ဝိကပ္ပနာမပြုသောသင်္ကန်းကို ဆောင်ယူနိုင်ခြင်း (၅)ထိုကထိန်ခင်းသောကျောင်း၌ လှူဒါန်းဖြစ်ပေါ်လာသမျှသော သင်္ကန်းမှန်သမျှကို သုံးစွဲခွင့်ရခြင်းတို့ဖြစ်သည်။

ကထိန်ဟူသောစကားသည် ကထိနဟူသောပါဠိစကားမှ ဆင်းသက်လာသည်။ “ကထိန”မှ နငယ်ကိုတံခွန်လွှား၍ (မြန်မာလိုအသတ်ပြု၍) ကထိန်ဟူ၍ ဖြစ်လာခြင်းပင်။ ကထိန၏အဓိပ္ပာယ်မှာ ခိုင်မြဲခြင်း၊ မြဲမြံခြင်းဖြစ်သည်။ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းခြင်းကို လက်ခံရရှိပြီး ကထိန်ခင်းခွင့်ရသည့်ရဟန်းသည် ဘုရားရှင်ပညတ်ထားသော ဝိနည်းသိက္ခာပုဒ်အချို့ကို သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တပေါင်းလပြည့်နေ့အထိ ငါးလတိုင်တိုင် ကင်းလွတ်ခွင့်ရပါသည်။ ထိုသို့အကျိုးအာနိသင်များကိုခိုင်ခိုင်မြဲမြဲ ရရှိစေသောကြောင့် ကထိန်ဟုခေါ်ဆိုခြင်းဖြစ်သည်။

ကျွန်ုပ်တို့လူပုဂ္ဂိုလ်များက မည်သည့်မြို့ရွာ၊ မည်သည့်ကျောင်းတိုက်တွင် ကထိန်ခင်းလှူဒါန်းမည်ဟု ပြောကြသော်လည်း အမှန်စင်စစ် ကထိန်ခင်းသည့်အမှုကို ရဟန်းတော်တို့ကသာ ပြုလုပ်ရပါသည်။ ကျွန်ုပ်တို့ ဒါယကာ၊ ဒါယိကာမများက ရဟန်းတော်များ ကထိန်ခင်းနိုင်အောင် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမှုကိုသာ ပြုနိုင်ပေသည်။ ရဟန်းတို့သည် အလှူရှင်လှူဒါန်းသည့် သင်္ကန်းနှင့် သိမ်ဝင်လျက် ကျောင်းတိုက်တွင်ရှိသည့် သံဃာတစ်ပါးအား သံဃာများ၏သဘောတူညီချက်ဖြင့်ရွေးချယ်၍ သင်္ကန်းကို အပ်နှင်းကာ ကမ္မဝါစာများရွတ်ဖတ်ကြားပေးကြရသည်။ သင်္ကန်းကိုလက်ခံရရှိသည့် ရဟန်းသည် မိမိဝါဆိုရာကျောင်းတိုက်တွင် ထိုသင်္ကန်းဖြင့်ကထိန်ခင်းရပါသည်။ ရဟန်းသည် သင်္ကန်းကိုလက်ခံရရှိသည့် နေ့မှာပင် နေ့ချင်းကထိန်ခင်းရသည်။ နောက်နေ့မှ ကထိန်ခင်းလျှင် ကထိန်အမှုအထမမြောက်တော့ပေ။ နေ့မကူးသော မသိုးသင်္ကန်းဖြင့် ကထိန်ခင်းရသည့်အပြင် ထိုသင်္ကန်းမဟုတ်ဘဲ အခြားသင်္ကန်းဖြင့်လည်း ကထိန်ခင်းမရပါ။ ကထိန်ခင်းရမည့်ရဟန်းသည် ဒါယကာ၊ ဒါယိကာမက မိမိသဒ္ဓါအလျောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းမှုကို လက်ခံရရှိမှသာ ကထိန်ခင်းခွင့်ရပါသည်။ ရဟန်းသည် ဒါယကာ၊ ဒါယိကာမကို မိမိကျောင်း၌ ကထိန်အလှူပြုရန် တောင်းဆိုခွင့်၊ တိုက်တွန်းခွင့်မရှိပါ။ အလှူရှင်ကလည်း သံဃသဒေမ-ဉ်သင်္ကန်းကို သံဃာရည်မှန်းလှူဒါန်းပါသည်ဆိုပါမှလည်း ကထိန်ခင်းခွင့်ရပြီး အကျိုးတရားများ မှန်မှန်ကန်ကန်ရရှိနိုင်သည်။

ကထိန်အလှူသည် တစ်နှစ်တွင် တစ်ခါသာ လှူဒါန်းခွင့်ရသည်။ ထိုတစ်ခါမှာလည်း သီတင်းကျွတ်လပြည့်ကျော် တစ်ရက်မှ တန်ဆောင်မုန်းလပြည့်နေ့အထိ တစ်လတာကာလအတွင်း၌သာ လှူဒါန်းခွင့်၊ ကထိန်ခင်းခွင့်ရပါသည်။ ထိုတစ်လတာအတွင်း တစ်ကျောင်း၌ တစ်ကြိမ်သာအခွင့်ရသည်။ ကထိန်ခင်းရန် ကျောင်းတိုက်တွင်သိမ်ရှိရမည်။ လေးပါးအထက်ရှိသော ရဟန်းများရှိရမည်။ ထိုအချက်များပြည့်စုံမှသာ ကထိန်ခင်းမှုအထမြောက်အောင်မြင်ပါသည်။ ကထိန်အလှူကို အမြင့်မြတ်ဆုံးအလှူဟု သတ်မှတ်ကြသည်။ အဘယ်ကြောင့်ဆိုသော် ကထိန်အလှူသည် ဘုရားအစရှိသော သူတော်ကောင်းတို့ချီးမွမ်းသော အလှူဖြစ်သောကြောင့်ဟု အဋ္ဌကထာတွင် ဖွင့်ဆိုထားသည်။ ကထိန်အလှူသည် (၁)သံဃာကိုရည်မှန်းပြီး လှူဒါန်းသည့် သံဃိကအလှူဖြစ်ရခြင်း (၂)သတ်မှတ်အချိန်ကာလအတွင်းမှာပင်လှူဒါန်းရသည့် ကာလဒါနဖြစ်ခြင်း (၃)အခြားဝတ္ထုပစ္စည်းများမဟုတ်ဘဲ အရဟတ္တဓဇ ခေါ် ရဟန္တာတို့၏ အလံတံခွန်သဖွယ်ဖြစ်သော အဝတ်သင်္ကန်းဖြင့်သာ ကထိန်ခင်းနိုင်ခြင်း (၄) ယင်းအလှူကိုအကြောင်းပြု၍ ရဟန်းတော်များ ဝိနည်းသိက္ခာပုဒ်အချို့ကို ငါးလတိုင်တိုင်ကင်းလွတ်ခွင့်ရခြင်းဟူသော ထူးခြားကောင်းမြတ်သည့်အချက်များနှင့် ပြည့်စုံသဖြင့် အမြတ်ဆုံးအလှူဟုခေါ်ဆိုနိုင်ပေသည်။

ကထိန်အလှူ၏အကျိုးအာနိသင်ကို ရဟန်းတော်တို့ ရရှိခံစားရသကဲ့သို့ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းသည့် အလှူရှင်သည်လည်း အလားတူ အကျိုးတရားငါးပါးရရှိပါသည်။ အလှူရှင်သည် အေးချမ်းလွတ်လပ်သော ဘဝမျိုးကိုရရှိပြီး သွားလိုရာကို အန္တရာယ်ကင်းစွာ သွားလာနိုင်ခြင်း၊ အချုပ်အနှောင်မှ လွတ်ကင်းခြင်း၊ အစားအသောက်များကို အဆိပ်အတောက်အန္တရာယ်မရှိဘဲ စားသုံးနိုင်ခြင်း၊ မိမိကို သူတစ်ပါးက မလွှမ်းမိုးနိုင်ခြင်း၊ စားသောက်ဖွယ်ပေါများ၍ အလိုရှိသလို သုံးဆောင်နိုင်ခြင်း၊ မိမိကသာ နေရာတကာအစိုးရခြင်း (အများကမိမိသဘောလိုက်ရခြင်း)ဟူသောအကျိုးတရားများရရှိစေနိုင်မည်ဖြစ်သည်။

တန်ဆောင်မုန်းလတွင် သံဃာတော်များကို ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲပြုလုပ်သည့်အပြင် မသိုးသင်္ကန်းရက်လုပ်၍ မြတ်စွာဘုရားကိုဆက်ကပ်လှူဒါန်းပွဲပြုလုပ်သည့် အစဉ်အလာလည်းရှိသည်။ လက်ရက်ကန်းခတ်သော လုံမပျိုများက မသိုးသင်္ကန်းရက်လုပ်ကြကာ မြတ်စွာဘုရားရှင်ကို ရည်မှန်းလှူဒါန်းကြပါသည်။ မသိုးသင်္ကန်းဆိုသည်မှာ တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့ ညဦးမှစတင်ရက်လုပ်ပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်အရုဏ်တက်ချိန်တွင် အပြီးသတ်ရက်လုပ်လှူဒါန်းရသောသင်္ကန်းဖြစ်သည်။ အချိန်မီရက်လုပ်လှူဒါန်းရသော သင်္ကန်းဖြစ်၍လည်း မသိုးသင်္ကန်းဟု ခေါ်ဝေါ်သမုတ်ကြသည်။

ကထိန်အလှူ၌ သင်္ကန်းကိုသာ လှူဒါန်း၍ကထိန်ခင်းရသော်လည်း အခြားလှူဖွယ်ပစ္စည်းများကိုလည်း သံဃာတော်များအလိုရှိရာ သုံးစွဲနိုင်စေရန်ရည်ရွယ်၍ ရှေးဘိုးဘွားများလက်ထက်မှစ၍ သဒ္ဓါတရားထက်သန်စွာဖြင့်လှူဒါန်းလာခဲ့ရာ ယနေ့အချိန်အခါတွင် ပဒေသာပင်များပြုလုပ်၍ လှူဖွယ်ပစ္စည်းမျိုးစုံပူးတွဲလှူဒါန်းကြသည်။ ကထိန်အလှူရှင်တစ်ဦးတည်း လှူဒါန်းနိုင်သကဲ့သို့ အများစုပေါင်း၍ ဘုံကထိန်အဖြစ်လည်းလှူဒါန်းနိုင်သည်။ စာရေးသူတို့မြို့ရွာများတွင် စာသင်ကျောင်းကထိန်၊ ဈေးကထိန်၊ ရပ်ကွက်ကထိန်၊ ရုံးကထိန် စသည်ဖြင့်ဘုံကထိန်ပွဲများကိုကျင်းပလှူဒါန်းကြသည်။ လှူဖွယ်ပစ္စည်းပဒေသာပင်များနှင့်တကွ ပရိသတ်စုံလင်စွာဖြင့် မြို့ရွာအတွင်းလှည့်လည်ကာ အများကိုလည်း ကြည်ညိုသဒ္ဓါပွားစေပါသည်။ ထို့နောက် ကထိန်ခင်းမည့် ကျောင်းတိုက်သို့သွားရောက်၍ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ သံဃာတော်များက ကထိန်ခင်းပြီး ဆရာတော်များချီးမြှင့်သည့် ကထိန်တရားကိုနာယူကာ ဝမ်းမြောက်ခြင်းအနုမောဒနာဖြင့် သာဓုခေါ်ဆိုကြပါသည်။ ။

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၇-၁၀-၂၀၂၅(သောကြာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၀ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၀၉:၀၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄။ | ၁၀:၀၀ | ကျန်းမာခြင်းအတွက် တွေးခေါ်ခြင်း |
| ၅။ | ၁၁:၀၀ | မြန်မာ့လက်သံ |
| ၆။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု |
| ၇။ | ၁၃:၀၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၁၄:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၅:၀၀ | ဇာတ်လမ်းတို |
| ၁၀။ | ၁၇:၀၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၁။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၁၂။ | ၁၈:၃၀ | ထုတ်လွှင့်ပြန်ကြား သတင်းမှန်များ |
| ၁၃။ | ၁၉:၀၀ | **(၃၈)ဖြာ မင်္ဂလာ ဖြဟ္မစရိယဋ္ဌ** |

# တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး**

**အမိန့်အမှတ်၊ ၄၃ / ၂၀၂၅**

၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်)

**တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယှဉ်တွဲပါ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

| | | |
|---|---|---|
| (၁) | ဦးထွန်းထွန်းအောင် | မကွေးတိုင်းဒေသကြီးတရားလွှတ်တော် |
| (၂) | ဒေါ်မာလာထွဋ် | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |
| (၃) | ဦးသောင်းထွေး | ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် |

**အမိန့်အရ**

**အောင်လင်းဒွေး**

**အမှုဆောင်ချုပ်**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ❒ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ❒ ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာကို (၂၄-၁၀-၂၀၂၅)ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- ❒ စာရင်းအချက်အလက်များရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ Website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

# မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

# သက်မွေးပညာရပ်များလေ့လာနိုင်ရန် လက်မှုရှာသင်တန်းကျောင်းဖော်ဆောင်နေ



ရန်ကုန် အောက်တိုဘာ ၁၆

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ သက်မွေးပညာရပ်များကို လေ့လာနိုင်ရန်နှင့် ဒေသခံများအလုပ်အကိုင်အခွင့်အလမ်းပွင့်လန်းစေရန် လက်မှုရှာသင်တန်းကျောင်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

အဆိုပါ လက်မှုရှာသင်တန်းကျောင်းတွင် အုန်း၊ ငှက်ပျော၊ ဖေဒါ၊ မြက်နှင့်ဝါးစသည့် စွန့်ပစ်ပစ္စည်းများမှ လူသုံးကုန်ထုတ်လုပ်သည့် ပညာရပ်များကို သက်မွေးပညာကျောင်းများ၊ အခြေခံပညာကျောင်းများ၊ ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအပြင် အသင်းအဖွဲ့များနှင့် ကျေးလက်များမှပြည်သူများ သက်မွေးပညာရပ်များလေ့ကျင့်သင်ကြားမှုနှင့်အတူ လေ့လာနိုင်မည်ဖြစ်ပြီး အလုပ်ရုံတွင်လည်း ရက်ကန်းပညာရပ်များ လေ့လာကြည့်ရှုသင်ကြားနိုင်ရန် ပြင်ဆင်လျက်ရှိသည်။

"မြန်မာနိုင်ငံမှာ စွန့်ပစ်ပစ္စည်းကနေ လူသုံးကုန်ပစ္စည်းမျိုးစုံထုတ်လုပ်တဲ့ သီးသန့်နေရာမရှိတာကြောင့်ကျောင်းသား၊ ကျောင်းသူတွေနဲ့ သက်မွေးပညာသင်ကြားလိုသူတွေ တတ်မြောက်အောင် လှည်းကူးမြို့နယ် ဖောင်ကြီးလမ်းမကြီးမှာ လက်မှုရှာသင်တန်းကျောင်းကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်မြို့က လက်မှုပညာရှာလိုပဲ မြန်မာနိုင်ငံမှာလည်း လက်မှုပညာသင်တန်းကျောင်းကို ပညာရှင်တွေစုပေါင်းပြီးဆောင်ရွက်ထားတာပါ။ လက်မှုပစ္စည်းမျိုးစုံထုတ်လုပ်တဲ့အပြင်လာရောက်လေ့လာသူနဲ့ သင်ကြားသူတွေကို သက်ဆိုင်ရာကဏ္ဍအလိုက်ပညာရှင်တွေက အလှည့်ကျသင်ကြားပေးပြီး ရှင်းလင်းပြသမှုတွေလည်း လုပ်ဆောင်သွားဖို့ရှိပါတယ်"ဟု Green Banana Myanmar တည်ထောင်သူ ဦးမြင့်သိန်းက ပြောသည်။

ထိုသို့ လက်မှုရှာသင်တန်းကျောင်းအား ဖွင့်လှစ်ခြင်းသည် ဒေသဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေသည့် အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းရန်သက်မွေးပညာရပ်များသင်ကြားပေးခြင်း၊ တစ်နေရာတည်းတွင် ပညာရပ်မျိုးစုံသင်ကြားနိုင်ခြင်းနှင့် လေ့လာနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ အဆိုပါ လက်မှုရှာသင်တန်းကျောင်းကို နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်သွားမည်ဖြစ်ပြီး စွန့်ပစ်ပစ္စည်းများမှလူသုံးကုန်ပစ္စည်းများကို နေရာများစွာမှ ထုတ်လုပ်ခြင်းထက် တစ်နေရာတည်းမှ ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်း/ပြည်ပဈေးကွက်သို့ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်တင်ပို့နိုင်မည်ဖြစ်ကြောင်းနှင့် လက်မှုပညာရှာမှ သက်မွေးပညာရပ်များအား နိုင်ငံတစ်ဝန်းမှ လာရောက်ကြည့်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ-ဖွဲ့မာန်**

# တိုင်းရင်းသားလူမျိုးများ စာပို့တံဆိပ်ခေါင်း ၂၀၀ ကျပ်တန်(၈)လုံးပါ Block of Stamp အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်ရောင်းချပေးမည်




နေပြည်တော် အောက်တိုဘာ ၁၆

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ တိုင်းရင်းသားလူမျိုးများအလိုက် ထုတ်ဝေခဲ့ပြီးသော တံဆိပ်ခေါင်းများကို တံဆိပ်ခေါင်းစုဆောင်းသူ ဝါသနာရှင်များ တစုတစည်းတည်း စုဆောင်းနိုင်ကြရန် ရည်ရွယ်၍ **တိုင်းရင်းသားလူမျိုးများ** စာပို့တံဆိပ်ခေါင်း **၂၀၀ ကျပ်တန် (၈)လုံးပါ Block of Stamp အထူးထုတ်** စာပို့တံဆိပ်ခေါင်းသစ်(၁)မျိုးအား **၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၀) ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၄) ရက် (တနင်္လာနေ့) နံနက် (၉)နာရီခွဲ**မှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်းရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ် အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့်မန္တလေးစာတိုက်ကြီးတို့တွင် **အောက်တိုဘာလ (၂၀) ရက် (တနင်္လာနေ့)** တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

# အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေး နှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



★ **ရှေ့ဖုံးမှအဆက်**

တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်တို့ တက်ရောက်ကြပြီး ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၌ မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့ချိန်အတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ကူညီမှုများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှုနှင့်နိုင်ငံတကာမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအဖွဲ့များ ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းနှင့် ခရီးသွားကဏ္ဍတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဗီယက်နမ်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဗီယက်နမ် - မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ Mr. Chu Cong Phung တို့ အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်စဉ်။

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၆-၁၀-၂၀၂၅

| | | |
|---|---|---|
| သာစည် | ၄ ဒသမ | ၂၈ လက်မ |
| ကြို့ပင်ကောက် | ၃ ဒသမ | ၃၅ လက်မ |
| တပ်ကုန်း | ၂ ဒသမ | ၉၁ လက်မ |
| ပြည် | ၂ ဒသမ | ၈၇ လက်မ |
| ပျော်ဘွယ် | ၂ ဒသမ | ၈၄ လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | ၂ ဒသမ | ၅၆ လက်မ |
| ကျောက်ဆည် (လွန်ကျော်) | ၂ ဒသမ | ၅၂ လက်မ |
| မိုင်းဖြတ် | ၂ ဒသမ | ၅၂ လက်မ |
| ကလော | ၂ ဒသမ | ၄၂ လက်မ |
| ပျဉ်းမနား | ၂ ဒသမ | ၂၀ လက်မ |
| တောင်ငူ (လေကြောင်းမိုးလေဝသ) | ၂ ဒသမ | ၁၇ လက်မ |

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား(ဒုတိယအကြိမ်)ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော်သားမိသားစုဝင်ကျောင်းသား၊ ကျောင်းသူများအား(ဒုတိယအကြိမ်) ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်ခြင်းကို ယနေ့တွင် စစ်တွေတပ်နယ်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူ ၅၄၃ ဦးအတွက် ကျောင်းဝတ်စုံ ၅၄၃ စုံနှင့် စာရေးကိရိယာများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး ကျောင်းသားတစ်ဦးအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်စဉ်။



## နမ့်စန်မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲပြုလုပ်



နမ့်စန်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် ဆုဖလားရရှိသော အမှတ်(၅)ရပ်ကွက်အသင်းအား တာဝန်ရှိသူတစ်ဦးက ဆုဖလားပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

လူငယ်၊ လူရွယ်များ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရန်၊ မျိုးဆက်သစ် အားကစားသမားများ မွေးထုတ်ပေးနိုင်စေရန်၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း စည်းလုံးညီညွတ်မှုပိုမိုခိုင်မာလာစေရန်နှင့် နိုင်ငံတော်အတွက် အားကိုးအားထားရသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းဖြင့် စက်တင်ဘာလ ၁၅ ရက်မှ စတင်ပြုလုပ်ခဲ့သည့် ရှမ်းပြည်နယ် (တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာပေါင်းစုံ အမျိုးသားအလွတ်တန်းဘောလုံးပြိုင်ပွဲတွင် အမှတ်(၅) ရပ်ကွက်အသင်းက ဆုဖလားရရှိခဲ့ကြောင်း သိရှိရသည်။


အဆိုပါ ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် နမ့်စန်မြို့ရှိ ကျောက်တိုင်အားကစားကွင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲစဉ်ဖြစ်သည့် အမှတ်(၅) ရပ်ကွက်အသင်းနှင့် အမှတ်(၉)ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲတွင်အမှတ်(၅)ရပ်ကွက်အသင်းက အမှတ်(၉)ကျေးရွာအသင်းကို ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်း ဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများနှင့် ဆုဖလားရရှိသော အမှတ်(၅)ရပ်ကွက်အသင်းတို့ကို တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် ဆုဖလားတို့ကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

## အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၁၆

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ပါသည်။ (မိုး/ဇလ)




၂၀၂၅ ခုနှစ်၊ အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာသည့် ရက်များပြပုံ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

❍ ကျောဖုံးမှအဆက်

ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် မိမိတို့အစိုးရအနေဖြင့် နောင်လာမည့်အစိုးရအတွက် ကြိုတင်ပြင်ဆင်၍ရအောင် နိုင်ငံ့စီးပွားမြှင့်တင်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို မှာကြားလိုကြောင်း။

**အစိုးရတစ်ရပ်ဆိုသည်မှာ နိုင်ငံတော်နှင့် ပြည်သူပြည်သားများ၏ လူမှုစီးပွားဘဝ တိုးတက်အောင်ဆောင်ရွက်ပေးရန် တာဝန်ရှိ**ကြောင်း၊ အလားတူ **နိုင်ငံတော်လုံခြုံအောင် ဆောင်ရွက်ပေးရန်တာဝန်ရှိ**ကြောင်း၊ **နိုင်ငံတကာကလည်း မိမိတို့နိုင်ငံအပေါ် လူရိုသေ ရှင်ရိုသေဖြစ်အောင် ဆောင်ရွက်ပေးရန်လို**ကြောင်း၊ သို့မှသာ ခိုင်မာသည့် အစိုးရတစ်ရပ်အနေဖြင့် ပြည်သူလူထုအနေဖြင့် အစိုးရအပေါ်မှာ ခိုင်ခိုင်မာမာဖြင့် ယုံကြည်စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အရေးအကြီးဆုံးအချက်ဖြစ်သည့် နိုင်ငံတော်၏လူမှုစီးပွားမြှင့်တင်ရေးအတွက် မဖြစ်မနေ လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် အခြေခံအားဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကို ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြကြောင်း၊ အဆိုပါလူဦးရေထဲမှ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာစိုက်ပျိုးရေး၊ သစ်တောနှင့်သားငါးကဏ္ဍတို့တွင် အသက်မွေးဝမ်းကျောင်းပြုနေကြသူများဖြစ်ကြောင်း၊

**❒ စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ် . . .**

**❒ သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများတိုးတက်အောင် ဆောင်ရွက်သွားရန်လို . . .**

**❒ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလို . . .**

**❒ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့် ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ် . . .**

**❒ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကိုစိုက်ပျိုးနိုင်၊ ကော်ဖီစိုက်ပျိုးမြေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ခွင့်ပြုပေးထားပြီး အပြည့်အဝစိုက်ပျိုးကြရန်လို . . .**

ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ **ကျေးလက်စီးပွားရေးကို မြှင့်တင်ပေးမှသာ နိုင်ငံ့စီးပွားရေးတိုးတက်လာမည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကို တစ်ပါတည်းလျှော့ချနိုင်မည်ဖြစ်**ကြောင်း။

စိုက်ပျိုးရေးကဏ္ဍတွင် သာမန်အားဖြင့် ကောက်ပဲသီးနှံများသာမက စက်မှုသီးနှံများကိုလည်း တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စက်မှုလုပ်ငန်းများတိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများနှင့်ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကကျောရိုးဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စက်မှုကဏ္ဍကြီးနှင့်ဝန်ဆောင်မှုကဏ္ဍကြီးများလည်း တိုးတက်လာမည်ဖြစ်ကြောင်း။

**သီးနှံများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးမြေများတိုးချဲ့ခြင်းထက် ရှိပြီးသားစိုက်ပျိုးမြေများပေါ်တွင် တစ်ဧကသီးနှံအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်သွားရန်လို**ကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပန်းတိုင်ရည်မှန်းချက်များပြည့်မီမှုမရှိသေးကြောင်း၊ တစ်ဧကပန်းတိုင်အထွက်နှုန်းများ တိုးတက်စေရေး ဆောင်ရွက်ရာတွင် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ စိုက်ပျိုးမြေများကောင်းမွန်စေရေး လိုအပ်သည့် မြေဩဇာများ ထည့်သွင်းခြင်းနှင့် မြေပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ စိုက်ပျိုးရေကို အကျိုးရှိစွာဖြင့်အသုံးချရန်နှင့် နည်းစနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ သီးနှံအထွက်နှုန်းများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှကူညီဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ စိုက်ပျိုးသူတောင်သူများကိုယ်တိုင်ကလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့ အထွက်နှုန်းတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးတောင်သူများအနေဖြင့် ကိုယ်တိုင်အကျိုးခံစားနိုင်မည်ဖြစ်ကြောင်း၊ မိမိကိုယ်တိုင်အားထည့်ဆောင်ရွက်မှသာ မိမိဆောင်ရွက်သည့်အကျိုးကို ခံစားနိုင်မည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ပြည်တွင်းဆီဖူလုံမှုရှိစေရေး နေကြာစိုက်ဧကများတိုးချဲ့ခြင်းနှင့် ကော်ဖီများပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကော်ဖီစိုက်ဧကများတိုးချဲ့ခြင်းကို ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်တွင်းဆီလိုအပ်ချက်ရှိခြင်းကြောင့် ဆီနေကြာစိုက်ပျိုးခြင်းကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နှမ်းနှင့်မြေပဲစိုက်ပျိုးမှုများရှိသော်လည်း မိရိုးဖလာစားသုံးမှုနှင့် ပြည်ပတင်ပို့မှုများကြောင့် ပြည်တွင်းဆီဖူလုံမှုအတွက် လိုအပ်ချက်များရှိနေသေးကြောင်း၊ ဆီနေကြာစိုက်ပျိုးခြင်းဖြင့်ပြည်တွင်းဆီဖူလုံမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေမည်ဖြစ်ပြီး

ပြည်ပမှဆီတင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်သဖြင့် နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးခြင်းနှင့်ပတ်သက်၍လည်း ယခင်ကတည်းက ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းများကို စီမံကိန်းများချမှတ်၍ဆောင်ရွက်ခဲ့သော်လည်း အပြည့်အဝမစိုက်ပျိုးခြင်းနှင့် အခြားနည်းများဖြင့် သုံးစွဲခြင်းများပြုလုပ်ခြင်းများကြောင့် ထိုက်သင့်သလောက်အောင်မြင်မှုများမရှိခဲ့ကြောင်း၊ မိမိတို့နိုင်ငံတစ်ဝန်းလုံးတွင် မြေနိမ့်ကော်ဖီကို စိုက်ပျိုးနိုင်ကြောင်း၊ ထို့ကြောင့် ကော်ဖီစိုက်ပျိုးမြေများ ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ခွင့်ပြုပေးထားပြီး အပြည့်အဝစိုက်ပျိုးကြရန်လိုကြောင်း။

စက်မှုသီးနှံနှင့်ပတ်သက်၍ ရာသီသီးနှံများ၊ နှစ်တိုသီးနှံများ၊ နှစ်ရှည်သီးနှံများရှိကြောင်း၊ ဝါသည်ရာသီသီးနှံဖြစ်ပြီး ကြံသည်နှစ်တိုသီးနှံဖြစ်ကြောင်း၊ ကော်ဖီ၊ ရော်ဘာတို့ကဲ့သို့သော သီးနှံများသည် နှစ်ရှည်သီးနှံများဖြစ်ကြောင်း၊ **ဝါကို မကွေး၊ မန္တလေး၊ စစ်ကိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် အဓိကစိုက်ပျိုးနေပြီး စုစုပေါင်း ဝါစိုက်ဧက ၅ သိန်းခန့်ရှိ**ကြောင်း၊ **လက်ရှိစိုက်ဧကအတိုင်း တစ်ဧကအထွက်နှုန်းပြည့်မီအောင်စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်**ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ စီးပွားရေးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်း။

စားရေးနှင့်ပတ်သက်၍ စားရေရိက္ခာများ လုံလောက်စွာရရှိစေရေး မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအလိုက် အသားငါးများ ဖူလုံပေါများစေရေး ဆောင်ရွက်ပေးရာတွင် စိုက်ပျိုးမွေးမြူရေးဇုန်များတည်ထောင်ဆောင်ရွက်သွားရန်လိုကြောင်း၊ **မိမိတို့ဒေသတွင် နေထိုင်သည့် လူဦးရေအလိုက် စားရေးဖူလုံမှုရှိစေရေး အဆင့်ဆင့်တိုးမြှင့်မွေးမြူဆောင်ရွက်သွားကြရန်လို**ကြောင်း၊ **ဥပမာအားဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်သူလူဦးရေ ၇ သန်းရှိပြီး လူဦးရေ တစ်ဝက် ၃ သန်းခွဲတွင် ကြက်ဥတစ်ရက်လျှင်တစ်လုံးစားပါက ကြက်ဥအလုံး ရေ ၃ သန်းခွဲလိုအပ်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **ကြက်ဥ ၃ သန်းခွဲရရှိရန်အတွက် ကြက်အကောင်ရေ ၄ သန်းခန့် မွေးမြူရမည်ဖြစ်**ကြောင်း၊ ထို့ကြောင့် **တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်စားရေးကိုအထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်ပထမအဆင့် ၂၅ ရာခိုင်နှုန်း၊ ဒုတိယအဆင့် ၄၀ ရာခိုင်နှုန်းဖူလုံစေရန်နှင့် နောက်ဆုံးအဆင့်တွင် ၁၀၀ ရာခိုင်နှုန်းဖူလုံစေရေး အဆင့်ဆင့်တိုးမြှင့်စီမံချက်ချ ဆောင်ရွက်သွားရမည်ဖြစ်**ကြောင်း။

စားသောက်ရေးအတွက် လိုအပ်သည့် ဥနှင့် အသား၊ ငါးများ လုံလောက်စွာရရှိရေး မွေးမြူရေးလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ပေးရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် အသားငါးများ၏ဈေးနှုန်းများလည်း အထိုက်အလျောက် သင့်တင့်မျှတလာမည်ဖြစ်ကြောင်း၊ **မိမိတို့၏ အမျိုးသားရေးရည်မှန်းချက်နှစ်ရပ်မှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်**ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် ရည်မှန်းချက်ကြီးကြီးထား၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

❒ **တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိလမ်းများအားလုံး လမ်းဘေးဝဲယာတွင် အရိပ်အာဝါသများကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လို . . .**

❒ **ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့်မဲစာရင်းများရရှိစေရေး သန်းခေါင်စာရင်းကိုကောက်ယူခဲ့ခြင်းဖြစ်၊ စာရင်းများမှန်ကန်မှုရှိစေရေးသည် အရေးကြီး၊ မဲရုံတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လို၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လို . . .**

❒ **မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကိုအလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန်လိုပြီး အမှန်တကယ်တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လို . . .**

❒ **သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက်လိုအပ်သည့်သစ်များအား သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့်ပေးမည်ဖြစ်၊ တရားမဝင်ခုတ်ယူမှုများမရှိစေရေးအတွက်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လို၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လို . . .**

**ဝါ၊ ကိုကို၊ ကော်ဖီ၊ သရက်၊ ရော်ဘာ၊ သီဟိုဠ်စသည့် စက်မှုကုန်ကြမ်းသီးနှံအပင်များစိုက်ပျိုးခြင်းကိုလည်း ရေရှည်အတွက် အောင်မြင်အောင်စိုက်ပျိုးဆောင်ရွက်သွားကြရန်လို**ကြောင်း၊ စက်မှုထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံအတွက် များစွာအကျိုးရှိမည်ဖြစ်ကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုနှင့် ပတ်သက်၍ ဘတ်ဂျက်လျာထားချက်များရေးဆွဲရာတွင်လည်း လျာထားတွက်ချက်ထားသည့်အတိုင်း သုံးစွဲရန်လိုကြောင်း၊ ဘတ်ဂျက်များ သုံးစွဲမှုကြောင့် ငွေကြေးလည်ပတ်မှုများဖြစ်လာပြီး ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကာ အခြေခံအဆောက်အဦများ ပိုမိုဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုလာမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အဦများလိုအပ်ချက်များရှိသည့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များကိုလည်း ပိုလျှံနေသည့်ရန်ပုံငွေများမှသုံးစွဲ၍ ပြုပြင်ထိန်းသိမ်း တည်ဆောက်သွားရန်လိုကြောင်း၊ စာသင်ကျောင်းများအတွက် လိုအပ်သည့် သင်ထောက်ကူပြခန်းများကိုလည်း တည်ဆောက်ပေးသွားရန်လိုကြောင်း၊ သို့မှသာ ပညာတတ်လူသားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးစံချိန်မီသည့်ကျောင်းများဖြစ်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ **ဘတ်ဂျက်နှင့်ပတ်သက်၍ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများတွင် သုံးစွဲသွားကြစေလို**ကြောင်း။

မိမိတို့နိုင်ငံတွင် အသိပညာ၊ အတတ်ပညာကောင်းမွန်စေရေး အတန်းပညာများကောင်းမွန်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူများ၏အခြေခံစိတ်ဓာတ်များ တိုးတက်ကောင်းမွန်လာစေရေး အချိန်ယူ၍ ပြုပြင်ပြောင်းလဲခြင်းများ ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကျောင်းသားများ၏ စိတ်ဓာတ်ကိုမြှင့်တင်ပေးနိုင်ရေး အခြေခံအဆောက်အဦများကို မြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အလားတူ ကျန်းမာရေးကဏ္ဍနှင့်ပတ်သက်၍ မပြည့်စုံသေးသည့်ဆေးရုံများ များစွာရှိကြောင်း၊ ဆေးရုံအမြင်ကောင်းနေရမည်၊ ကုသရေးအတွက် အစွမ်းထက်သူများရှိရမည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများက အပြည့်အဝယုံကြည်အားကိုးနိုင်ကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ဆေးရုံများအတွက် လိုအပ်သည့် ဥပမိရုပ်ပိုင်းဆိုင်ရာများနှင့် ကုသရေးပိုင်းဆိုင်ရာလိုအပ်သည့်ပစ္စည်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားကြရမည်ဖြစ်**ကြောင်း၊ ပညာရေးဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများ နေထိုင်နိုင်ရေးအတွက်လည်း ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

လမ်းပန်းဆက်သွယ်မှုနှင့်ပတ်သက်၍ လမ်းများကောင်းမွန်အောင် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ လမ်းများအားလုံး လမ်းဘေးဝဲယာတွင် အရိပ်အာဝါသများကောင်းမွန်စေရေး သစ်ပင်များစိုက်ပျိုးသွားကြရန်လိုကြောင်း၊ အလားတူ **လမ်းများကောင်းမွန်ချောမွေ့နေစေရေးနှင့်တံတားအတက်အဆင်းများကောင်းမွန်စေရေး ဆောင်ရွက်ပေးရန်လို**ကြောင်း၊ အဓိကအားဖြင့် နိုင်ငံတိုးတက်စေရန်၊ စီးပွားရေးအရ တိုးတက်စေရန် ရရှိနေသည့်ကာလအတွင်း ရသမျှအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များက ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် စပါးစိုက်ပျိုးဧကများနှင့် အထွက်နှုန်းမှန်ကန်မှုရှိစေရေးနှင့် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နိုင်ငံတော်မှသွင်းအားစုများအပါအဝင် အခြားထောက်ပံ့ပေးလျက်ရှိသည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် မဲစာရင်းများ မှန်ကန်မှုရှိစေရေးနှင့် မဲရုံများ လျာထားဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ခေတ္တပိတ်ထားခဲ့ရသည့်အခြေခံကျောင်းများနှင့် တက္ကသိုလ်များပြန်လည်ဖွင့်လှစ်၍ ပညာသင်ကြားနေမှုအခြေအနေ၊ မူဝါဒများနှင့်အညီ စီမံကိန်းများ ရာခိုင်နှုန်းအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများကိုဖယ်ရှားရှင်းလင်းပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်ဗိုလ်ချုပ်ကြီးရဲဝင်းဦးက ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မူးယစ်ဆေးဝါး ဖမ်းဆီးရရှိမှုအခြေအနေများ၊ တရားမဝင် အကောက်အခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရရှိမှုအခြေအနေ၊ တရားမဝင်အွန်လိုင်းလောင်းကစားမှုများ လုပ်ဆောင်လာမှုနှင့် တားဆီးကာကွယ်ရန် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက မဲဆွယ်ကာလနှင့်ရွေးကောက်ပွဲကျင်းပမည့်အပိုင်းများအလိုက် တာဝန်ရှိသူများအနေဖြင့် လုံခြုံရေးအထူးအလေးထားဆောင်ရွက်ရန်၊ ၂၀၂၀ ပြည့်နှစ်တွင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲ၏အမှားကို သင်ခန်းစာယူ၍ ယခုကျင်းပမည့်ရွေးကောက်ပွဲတွင် မဲစာရင်းမှန်ကန်မှုနှင့် ကဏ္ဍစုံ အမှားအယွင်းမရှိစေရေး ကြပ်ကြပ်မတ်မတ်ဖြင့် အထူးအလေးထားဆောင်ရွက်ရန်၊ ဝန်ကြီးဌာနအလိုက် / ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မဲစာရင်းမှန်ကန်မှုရှိစေရေး ဆောင်ရွက်သွားရန်လိုအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရွေးကောက်ပွဲကျင်းပချိန်တွင် မဲစာရင်းများမှန်ကန်မှုရှိစေရေးအတွက် တိကျမှန်ကန်သည့်မဲစာရင်းများ ရရှိစေရေး သန်းခေါင်စာရင်းကို ကောက်ယူခဲ့ခြင်းဖြစ်ကြောင်း၊ စာရင်းများမှန်ကန်မှုရှိစေရေးသည် အရေးကြီးကြောင်း၊ မဲရုံတာဝန်ပေးအပ်မှုများနှင့်ပတ်သက်၍လည်း စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲကော်မရှင်နှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအနေဖြင့် လုပ်ငန်းများအား မှန်မှန်ကန်ကန်ဖြစ်အောင် စိစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မဲပေးရွေးချယ်ရာတွင် ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို အလေးထားစောင့်ထိန်းသူ၊ နိုင်ငံရေးအမြင်၊ လုံခြုံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်များရှိသူများဖြစ်ရန် လိုပြီးအမှန်တကယ် တိုင်းပြည်အကျိုးအတွက် ဆောင်ရွက်နိုင်သည့်သူများဖြစ်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများနှင့် တွဲဖက်၍ ပျားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဆိုပါက အကျိုးဖြစ်ထွန်းစေကြောင်း၊ မိမိတို့ဒေသအလိုက် ရာသီဥတုမြေအနေအထားနှင့်ကိုက်ညီသည့် မှိုစိုက်ပျိုးခြင်းများကိုလည်း ဆောင်ရွက်နိုင်ကြောင်း၊ မီးဖိုချောင်သုံး သီးနှံများဖြစ်သည့် အာလူး၊ ကြက်သွန်၊ ငရုတ်သီးစသည့် သီးနှံများကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး စိုက်ပျိုးသွားကြရန်လိုကြောင်း။

သစ်အသုံးပြုမှုနှင့်ပတ်သက်၍ ဒေသအတွက်လိုအပ်သည့်သစ်များအား သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုခွင့်ပေးမည်ဖြစ်ကြောင်း၊ တရားမဝင်ခုတ်ယူမှုများ မရှိစေရေးအတွက်လည်း စနစ်တကျထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်မှလည်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် **“ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့”၊ “နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့”၊ “နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားပြီး ဆောင်ပုဒ်များအတိုင်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားပြီးအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives a delegation led by Chairman of Vietnam-Myanmar Friendship Association

NAY PYI TAW October 16

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing received a delegation led by Chairman of Vietnam-Myanmar Friendship Association Mr. Chu Cong Phung this morning.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, Union Minister for Transport and Communication U Mya Tun Oo, and Deputy Minister for Foreign Affairs U Ko Ko Kyaw. The Vietnam-Myanmar Friendship Association Chair was accompanied by members of the delegation.

At the call, both sides cordially discussed promotion of friendship and cooperation between Myanmar and Vietnam, assistance provided by Vietnam in the aftermath of the Mandalay earthquake, Myanmar's political developments, preparations for a free and fair election and invitation of international observers, promotion of cooperation in agricultural, production and tourism businesses, and enhancement of trade and investment between the two countries.

After the call, the Senior General and the Vietnamese guest exchanged commemorative gifts and posed for documentary photos. **100**



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing receives Chairman of Vietnam-Myanmar Friendship Association Mr. Chu Cong Phung.

# Acting President and SSPC Chairman of the Republic of the Union of Myanmar Senior General Min Aung Hlaing meets Union ministers, chief ministers of regions and states





Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing meets union ministers and region/state chief ministers.

NAY PYI TAW October 16

Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission of the Republic of the Union of Myanmar, Senior General Min Aung Hlaing delivered a speech at the meeting with Union ministers and chief ministers of regions and states this afternoon.

Also, present at the meeting were Commission Vice Chairman Vice-Senior General Soe Win, Commission member and Prime Minister U Nyo Saw, Commission member and Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Commission members, Union ministers, the Nay Pyi Taw Council Chairman, chief ministers of regions and states, and deputy ministers.

In his speech, the Acting President and SSPC Chairman of the Republic of the Union of

See Page - 19

■■ From Page - 18

Myanmar said that he will give guidance on promotion of the State economy and development of the nation so that the current government will make preparations for the forthcoming government.

A government is responsible for carrying out improvement of socio-economic life of the State and the people. Likewise, the government needs to take security measures of the State. In addition, the government must act in a way that earns respect and dignity for its country in the eyes of the international community. If so, it will be a strong government which can win the trust of the people. Hence, it is very important for enhancement of the socio-economic life of the State as a must.

Primarily, Myanmar is engaging in the agriculture and livestock business. Some 70 percent of the people reside in the urban and the rest 30 percent in the urban area. Of them, some 50 percent of the people are operating their livelihoods in agriculture, forestry, livestock and fisheries sectors. As such, the efforts to promote agricultural and livestock products mean enhancing the State economy. Only when they promote the rural economy will the State economy rise, reducing the poverty at the same time.

In the agriculture sector, extended cultivation of crops including industrial crops will contribute to development of industries as well as improvement of manufacturing and service measures. Efforts should be made to develop agriculture and livestock activities as the primary business of the State in order to improve the industrial and service sectors.

It is necessary to increase per-acre yield of crops on the existing cultivable lands, rather than expansion of sown acreage to produce the larger volume of crops. Although farmers are striving to meet the target production of crops, such an effort fails to meet the target production due to various reasons. Farmers need to use quality strains of crops, use fertilizer to have fertile soils, efficiently utilize agricultural water and apply modern agricultural techniques in order to raise the per-acre yield of crops. As the government is providing assistance for meeting the target production of crops, farmers need to expedite efforts to meet the target production. By doing so, farmers will have benefits. Only when they themselves make concerted efforts in their works will they enjoy the deserved benefits.

The government allows farmers to expand sown acreage of sunflower and coffee in order to ensure sufficiency of cooking oil at home and to produce the larger volume of coffee. Farmers are being encouraged to grow sunflower as the country needs cooking oil at home. Although they grow sesame and groundnut for traditional consumption and export, these crops still need oil sufficiency at home. Growing sunflower can contribute to local oil sufficiency on the one hand while reducing the import volume of oil, much benefiting the State.

When it comes to coffee cultivation, although coffee cultivation projects have been planned and implemented in the past, they have not achieved the expected success due to incomplete cultivation efforts and the use of alternative methods. It is possible to cultivate lowland coffee across the entire country. Therefore, permissions have been granted to expand coffee cultivation areas, and there is a need for full-scale cultivation.

Regarding industrial crops, there are seasonal crops, short-term crops, and perennial crops. Cotton is a seasonal crop, sugarcane is a short-term crop, and crops like coffee and rubber are perennial crops. Cotton is primarily cultivated in Magway, Mandalay, Sagaing, and Bago Regions, with a total of approximately 500,000 acres under cultivation. If cultivation can be carried out to achieve the full yield per acre, it will greatly benefit the country. Region and state chief ministers are urged to prioritize agricultural activities to promote the economic development of their regions and the nation.

Regarding food security, efforts are being made to ensure sufficient food supplies. To achieve an abundance of meat and fish according to regional needs, agricultural and livestock zones must be established. There is a need to progressively increase livestock breeding to ensure food security based on the population of each region. For example, in the Yangon Region, with a population of 7 million, if half of the population (3.5 million) consumes one egg per day, 3.5 million eggs will be required daily. To meet this demand, approximately 4 million chickens need to be raised. Therefore, regions and states must implement livestock breeding programs in phases: 25 percent in the first phase, 40 percent in the second phase, and 100 percent sufficiency in the final phase to support food security.

Regarding food supply, livestock breeding programs must be implemented to ensure sufficient supplies of eggs, meat, and fish. By doing so, the prices of meat and fish will become reasonably stable. The two national goals are the prosperity of the country and food security. The government must work towards these ambitious goals.

Long-term successful cultivation of industrial raw material crops such as cotton, cocoa, coffee, mango, rubber, and cashew must be pursued. Increased production of industrial products will greatly benefit the country.

Regarding budget expenditure, budget plans must be drafted and expenditures made as planned. Budget spending will stimulate financial circulation, improve supply and demand, and support the development of basic infrastructure. Surplus funds should be used to repair and maintain essential infrastructure such as basic education schools, universities, and colleges. Teaching aids and laboratories required for schools should also be provided. This will help produce qualified human resources and establish standardized schools. Budget allocations should prioritize the education and health sectors.

Efforts must be made to improve knowledge and skills through quality education. Long-term reforms are needed to enhance the basic mindset of the public. Infrastructure improvements are necessary to uplift the morale of students.

Regarding healthcare, many hospitals are still incomplete. Hospitals must be visually appealing and staffed with competent personnel to gain the full trust of the public. Necessary physical and medical equipment must be provided. Housing for education and health workers must also be addressed.

Regarding transportation and communication, roads must be improved, and trees should be planted along roadsides to provide shade. Smooth roads and well-constructed bridge approaches are essential. All available resources must be utilized during this period to promote national and economic development.

Union ministers and region/state chief ministers reported on the following: accurate data on paddy cultivation areas and yields, progress toward achieving targets, support provided by the state including inputs, ensuring smooth and accurate commodity flows, stabilizing commodity prices, ensuring accurate voter lists and polling station arrangements for a successful free and fair multiparty democratic election, the reopening and operation of basic schools and universities that were temporarily closed, the implementation progress of projects according to policies, and the clearance and reconstruction efforts for damages caused by earthquakes.

Then, Commission Secretary Joint Executive Chief General Ye Win Oo reported to the meeting on seizures of narcotic drugs and illegal unlevied goods and operations of online gambling and prevention of them in states and regions.

Afterward, Vice Chairman of the commission Vice-Senior General Soe Win reported to the meeting on the needs for responsible officials to place special emphasis on security measures during election campaigns and election phases, to take special measures to compile correct voters' lists and avoid faults in all sectors by taking lessons from the 2020 election and other steps to be taken by respective ministries, states and regions for compilation of correct voters' lists.

Then, the Senior General made concluding remarks, saying a population census was conducted to get precise and correct voters' lists in the election and it is important to compile correct voters' lists. It is necessary to assign duties in voting booths systematically. The election commission and regional and state governments are required to scrutinize measures to achieve proper and correct tasks. In the election, it is necessary to elect candidates who uphold "Our Three Main National Causes" and have political, security, economic and administrative visions and can really serve the interests of the country.

It will be beneficial if bee breeding is carried out in combination with agriculture tasks. It is also possible to cultivate mushrooms that are appropriate for climate and land condition of respective regions and states. It is necessary to produce more vegetables such as potatoes, onions and chilies.

In using timber, permissions to use timber will be issued in accordance with rules and regulations. Systematic measures must be taken to prevent illegal logging and environmental conservation tasks must be carried out on the other hand. We have adopted and implemented mottos "Let us encourage production for prosperity of the Nation," "Let us ensure education sector for the development of the Nation," and "Let us protect our environment for the prosperity of the Nation," and it is necessary to do accordingly. After the remarks of the Senior General, the meeting concluded.

**100**

# Sagaing Region grows over 2,000 acres of rainfed butter beans

SAGAING October 16

More than 2,000 acres of butter beans have been planted in Sagaing Region during this year rain crops planting season, according to the statistics of the Department of Agriculture for Sagaing Region.

In the 2025-2026 rain crops planting season, 7,580 acres of butter beans have been planned for planting in Sagaing Region, and planting has begun since June this year, and 2,677 acres have been planted to date.

This year, the total area of butter beans cultivation in Sagaing Region is as per following: 520 acres in Monywa District, 738 acres in Shwebo District, 777 acres in Kantbalu District, and 642 acres in Sagaing District, totaling 2,677 acres.

**SMK**

# Kremlin confirms that Putin-Trump phone conversation currently taking place




MOSCOW October 16

Kremlin spokesman Dmitry Peskov confirmed to told Russian journalist Pavel Zarubin on Thursday that Russian President Vladimir Putin and US President Donald Trump are currently holding phone talks.

"The Kremlin press secretary, Dmitry Peskov, confirmed to me that the presidents of Russia and the United States are talking right now," Zarubin said on Telegram.

Earlier in the day, Trump posted on Truth Social that he is currently having a lengthy phone conversation with Russian President Vladimir Putin and will share the results afterward.

**Sputnik**

# US in 'trade war' with China – Trump

WASHINGTON October 16

The US and China are effectively in a trade war, President Donald Trump has said, while portraying tariffs on Beijing's imports as vital for nation al security.

Speaking to reporters on Wednesday, when asked if a failure to reach a trade deal with China's Xi Jinping would mean a prolonged trade war, Trump replied: "Well, you're in one now… We have 100% tariff. If we didn't have tariffs, we would be exposed as being a nothing… Tariffs are a very important tool for our defense, for our national security."

Commenting on the stand-off with the US, Chinese Foreign Ministry spokesman Lin Jian reiterated that "tariff wars and trade wars have no winners" and called for resolving issues "through consultation on the basis of equality, respect, and mutual benefit."

Trump last week threatened to impose an additional 100 percent tariff on Chinese goods starting in November, marking a sharp escalation in tensions following Beijing's decision to introduce tighter export restrictions on the export of rare-earths.

While the policy does not explicitly target the US, American high-tech companies are highly dependent on Chinese rare-earth supplies.

Earlier this year, Trump drastically raised the "reciprocal tariffs" for China, which in certain cases exceeded 100%, although he later suspended the hike to allow trade talks to proceed, with the pause now extended until November 10. The current baseline tariff for China is now at 10%, although some goods face higher rates.

The US leader also pressed Beijing to scale back purchases of Russian oil, arguing such flows help finance Moscow's military. China has dismissed the remarks as "intimidation" while Moscow has stressed that sovereign countries have the right to choose their own economic partners.

Meanwhile, in another sign of escalating tensions, Trump announced on Tuesday that the US would stop buying cooking oil from China, casting it as a response to Beijing paring back US soybean purchases.

However, despite the ongoing back-and-forth, US Treasury Secretary Scott Bessent confirmed earlier this week that Trump and Xi are still scheduled to meet at the Asia-Pacific Economic Cooperation (APEC) forum in South Korea in late October.

**RT**

# Russia Rosatom's talks with several states on Nuclear Power Plants in final stages




MOSCOW October 16

The Russian state nuclear corporation Rosatom's negotiations with a number of countries regarding nuclear power plants are in final stages, CEO Alexey Likhachev said on Thursday.

"A number of other countries are currently negotiating at the final stage," Likhachev said at the plenary session of the Russian Energy Week forum.

Russia's nuclear industry is sovereign, Likhachev added.

Sputnik is an information partner of the Russian Energy Week 2025, which is taking place in Moscow from October 15-17.

**Sputnik**

# Astronomers discover black hole tearing star far from galaxy center

JERUSALEM October 16

An international team of astronomers has observed a supermassive black hole tearing apart a star far from a galactic center for the first time, challenging long-held assumptions about where black holes reside and how they behave.

A tidal disruption event (TDE) occurs when a star wanders too close to a massive black hole and is pulled apart by its immense gravity.

The event, designated "AT 2024tvd," occurred about 2,600 light-years from the core of its host galaxy. The researchers said they have never seen such bright radio emission from a black hole tearing apart a star away from a galaxy's center before.

The team discovered the unusual TDE through several of the world's premier radio telescopes, including the ALMA (Atacama Large Millimeter/submillimeter Array) in Chile, the Arcminute Microkelvin Imager Large Array (AMI-LA) in Britain, as well as the Allen Telescope Array, the Submillimeter Array, and the Very Large Array in the United States.

According to the study published in The Astrophysical Journal, the observation revealed two separate bursts of radio waves months apart, which suggests the black hole did not launch energy right after destroying the star, but took time for the material to be thrown out.

Astronomers from the Hebrew University in Israel led the observations with the AMI-LA telescope, which is key in unveiling the unusually rapid evolution of the radio emission.

The researchers said that the delay reveals black holes can behave in complex and surprising ways, which is proof that black holes can become active again after being quiet.


They concluded that the discovery helps learning more about the hidden lives of black holes and may lead to new ideas about how they grow and change.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The 'super vaccine' that could stop cancer in its tracks: Groundbreaking jab prevents melanoma, pancreatic and breast cancers in mice – and scientists say it could work in humans



The groundbreaking jab prevents melanoma, pancreatic and breast cancers in mice – and scientists say it could work in humans.

A 'super vaccine' could give people immunity against cancer before the disease grows and spreads.

Scientists in Massachusetts say their experimental jab prevents several aggressive cancers.

This includes melanoma, pancreatic, and triple–negative breast cancers.

The 'groundbreaking' vaccine contains tiny nanoparticles made of fatty molecules that deliver two 'adjuvants' – substances that boost the body's immune response.

In lab trials, up to 88 percent of mice injected with nanoparticles remained tumour–free, depending on the cancer type.

The vaccine also reduced – and in some cases completely prevented – the spread of cancer throughout the body.

So far the vaccine has only been tested in mice.

It's unclear when the treatment could be available for humans, although this is the goal the team are working towards.

The experiments at UMass Amherst first combined nanoparticles with an 'antigen' that triggers an immune response to cancer.

Mice receiving the jab were then exposed to melanoma, the tumour type that can spread to any organ.

Impressively, 80 percent of the mice that received the nanoparticle vaccine remained tumour–free and survived for 250 days.

In contrast, all mice that received traditional vaccines or no vaccine got tumours and died within 35 days.

Researchers also found the injection stopped cancer from spreading to the lungs, unlike other mice that didn't receive the treatment.

Next, the team tested a second version of the vaccine consisting of nanoparticles and another antigen called tumour lysate.

Mice vaccinated with this were later exposed to melanoma, triple–negative breast cancer cells, or the most common type of pancreatic cancer (PDAC).

In all, 88 percent of mice with pancreatic cancer, 75 percent with breast cancer, and 69 percent with melanoma stayed tumour–free.

All mice that remained tumour–free after vaccination also resisted the development of secondary malignant growths when exposed to cancer cells.

Study author Prabhani Atukorale, assistant professor of biomedical engineering at UMass Amherst, had previously shown that her nanoparticle–based drug design could shrink or eliminate tumours in mice.

But the new findings, published in Cell Reports Medicine, reveal that this approach can also prevent cancer from forming in the first place.

The researchers say that their design could be used across multiple cancer types, not just the ones tested in this study.

While the team is working towards developing a treatment for humans, they caution that their work is still in early stages.

Researchers have formed a startup called NanoVax Therapeutics which has the 'ultimate goal of improving patients' lives' using nanoparticle treatments.

'The results that we have are super exciting, and we're really looking forward to pushing forward to the next steps,' co–author Griffin Kane at at UMass Amherst told 404 Media.

'But I think that the translation of these types of therapies from preclinical mouse models to the clinic is a very humbling experience for a lot of people and teams.'

The study offers yet further hope that nanoparticles will allow doctors tread new ground in terms of health treatments.

Earlier this week, another set of researchers revealed they used nanoparticles to reverse Alzheimer's disease in mice – and it could soon be effective in humans in the 'next few years'.

According to this team in Barcelona, their nanoparticles help the brain's protective barrier recover its normal function when it becomes damaged by toxic waste proteins.

Kristin Omberg, biologist at Pacific Northwest National Laboratory who wasn't involved with the studies, said nanoparticles 'will change the world'.

'In the future, nanotechnology may allow doctors to better treat brain diseases and disorders like cancer and dementia because nanoparticles pass easily through the blood-brain barrier,' she said in a piece for The Conversation.

'Nanoparticles may also allow for human performance enhancements, ranging from better eyesight to soldiers engineered to be more effective in combat.'

**How do vaccines work?**

Regardless of the disease, vaccines contain two primary components – the antigen and the adjuvant.

The antigen is the piece of the disease–causing pathogen (in this study, cancer cells) that the immune system can be trained to target.

The adjuvant is a substance that activates the immune system to recognize the antigen, treat it as a foreign intruder and eliminate it.

Vaccination has emerged recently as a 'powerful frontier' in the development of effective cancer therapies by training immune cells to recognise and eliminate tumor cells, but getting the required efficacy and potency has remained a hurdle, the experts say.

**Mail Online**

# ဦးနှောက်ရဲ့ ဘယ်လိုနေရာကိုမဆို ဆေးများရောက်အောင်ပို့ပေးမယ့် ကိရိယာ



လူသားတွေရဲ့ဦးနှောက်ဆိုတာ အလွန်ကိုရှုပ်ထွေးလှတဲ့ ကိုယ်တွင်းအင်္ဂါအစိတ်အပိုင်းတစ်ခုပါ။ ဦးနှောက်အတွင်းရှိသီးခြားအစိတ်အပိုင်းများမှာ စနစ်တကျနဲ့အစီအရီနေရာယူထားတဲ့ နျူရွန်တွေကလည်းအရေအတွက်အားဖြင့် ဘီလီယံနဲ့ချီပြီးရှိပါတယ်။ ဒါကြောင့် လုပ်ငန်းဆောင်တာကိုပုံမှန်လုပ်ဆောင်ခြင်းမရှိတဲ့အစိတ်အပိုင်းဆီကနေများပြားလှတဲ့အခြေအနေတွေထွက်ပေါ်လာနိုင်တဲ့အတွက် ဦးနှောက်၊ အာရုံကြောနဲ့သက်ဆိုင်တဲ့ရောဂါတွေကိုကုသရာမှာအလွန်ကိုပဲစိန်ခေါ်မှုရှိပါတယ်။

အဲဒီစိန်ခေါ်မှုတွေထဲကမှတစ်ခုကတော့ကုသမှုပေးတဲ့အခါ လိုအပ်တဲ့အစိတ်အပိုင်းဆီကို ဆေးဝါးကတည့်တည့်မတ်မတ်ကြီးရောက်ရှိသွားစေဖို့ပါပဲ။ လက်ရှိအသုံးပြုနေဆဲဖြစ်တဲ့ ဦးနှောက်တွင်းထည့်ကိရိယာတွေဆိုရင် တစ်သျှူးရဲ့တချို့သောနေရာတွေအထိသာ ဆေးကိုပို့ဆောင်ပေးနိုင်ပါတယ်။

ဒါကြောင့် နယူးယောက်တက္ကသိုလ်အဘူဒါဘီမှသုတေသနပညာရှင်များကဒီစိန်ခေါ်မှုတွေကိုကျော်လွှားနိုင်ဖို့ဦးနှောက်တွင်းထည့် ကိရိယာအသစ်တစ်မျိုးကိုဖန်တီးလိုက်ပါတယ်။ SPIRAL လို့အမည်ပေးထားတဲ့ အဲဒီကိရိယာက ပါးလွှာပြီးလိုအပ်သလိုပုံသွင်းနိုင်ပါတယ်။ **Ref: IE**

**ကိုထက်**

# ကိုယ်တိုင်ချိန်ညှိမှုလုပ်နိုင်တဲ့ လေတာဘိုင် စွမ်းအင်ကို ၆၀ ရာခိုင်နှုန်းပိုထုတ်ပေးနိုင်

အီတလီနိုင်ငံမှ စွမ်းအင်ကုမ္ပဏီတစ်ခုက ဉာဏ်ရည်တု(AI)နည်းပညာသုံးဒေါင်လိုက်လေတာဘိုင်များကို ဖန်တီးထုတ်လုပ်လိုက်ပါတယ်။ အဲဒီလေတာဘိုင်များရဲ့ အားသာချက်က လေတိုက်ခတ်မှုကို လေ့လာသင်ယူပြီး စွမ်းအင်ကိုပိုမိုထုတ်လုပ်ပေးနိုင်တာပါ။ သူတို့ထုတ်လုပ်ထားတဲ့ လေတာဘိုင်များက သမားရိုးကျလေတာဘိုင်တွေလိုမျိုး အကြီးစားတွေမဟုတ်ပါဘူး။ နေရာစားလည်းသက်သာ၊ ကုန်ကျစရိတ်လည်းသက်သာ၊ စွမ်းအင်ကိုလည်းပိုမိုထုတ်လုပ်ပေးနိုင်မယ့် အသေးစားလေတာဘိုင်များဖြစ်ပါတယ်။

ဒီလေတာဘိုင်များက လေတိုက်ခတ်မှုအခြေအနေများကို အချိန်နဲ့တစ်ပြေးညီလိုက်ပါပြောင်းလဲနိုင်စွမ်းရှိမယ်လို့ ကုမ္ပဏီကဆိုထားပါတယ်။ ဒါ့အပြင် AI နည်းပညာနဲ့ထိန်းချုပ်မှုစနစ်ကို သုံးထားတာကြောင့် လေတာဘိုင်ရဲ့ပန်ကာရွက်များအနေနဲ့ လေတိုက်ခတ်မှုအခြေအနေပေါ်မူတည်ပြီး ထောင့်တွေကိုပြောင်းလဲနိုင်စွမ်းရှိပါတယ်။

ဒီလိုမျိုးနည်းကိုအသုံးပြုခြင်းအားဖြင့် ပန်ကာရွက်တွေကို ချိန်ညှိနိုင်ခြင်းကြောင့် တာဘိုင်က လျှပ်စစ်ဓာတ်အားကိုပိုမိုထုတ်လုပ်ပေးနိုင်တာဖြစ်ပါတယ်။ ပိုမိုထုတ်လုပ်ပေးနိုင်မယ့်ပမာဏက သမားရိုးကျလေတာဘိုင်များထက် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ ဒါ့အပြင် လေပြင်းများတိုက်ခတ်ချိန်တွေမှာဆိုရင်လည်း တာဘိုင်ရဲ့ပျက်စီးနိုင်ခြေကို ၈၀ ရာခိုင်နှုန်းအထိလျှော့ချပေးနိုင်ပါသေးတယ်။ **Ref: IE**

**ကိုထက်**



# Black Hawk ရဟတ်ယာဉ်ကို မောင်းသူမဲ့ကုန်တင်ယာဉ်အဖြစ် ပြောင်းလဲလိုက်တဲ့ လော့ဟိမာတင်



Black Hawk ရဟတ်ယာဉ်တွေဆိုတာ တစ်ခေတ်တစ်ခါက အလွန်နာမည်ကျော်ခဲ့တဲ့ တိုက်ခိုက်ရေးသူရဲကောင်းကြီးများဖြစ်ပြီး သူ့ကိုထုတ်လုပ်ခဲ့သူက လော့ဟိမာတင်ကုမ္ပဏီဖြစ်ပါတယ်။ အခုအချိန်မှာ လော့ဟိမာတင်ကုမ္ပဏီက သူတို့ရဲ့နာမည်ကျော် Black Hawk ရဟတ်ယာဉ်များကို ဆန်းသစ်သောနည်းလမ်းတစ်ခုနဲ့ တစ်ဖန်ပြန်လည်နာမည်ကြီးအောင်လုပ်ဆောင်လိုက်ပါတယ်။ အဲဒါကတော့ Black Hawk များကို မောင်းသူမဲ့ကုန်တင်လေယာဉ်များအဖြစ် ပြောင်းလဲလိုက်ခြင်းပါပဲ။

လော့ဟိမာတင်ကုမ္ပဏီက Black Hawk ရဟတ်ယာဉ်များရဲ့ လေယာဉ်မှူးအခန်းနေရာကို အခန်းဖွင့်ပုံစံတံခါးများနဲ့ပြောင်းလဲတပ်ဆင်ပြီး လျှောက်လမ်းတစ်ခုကိုပါထည့်သွင်းပေးလိုက်တာဖြစ်ပါတယ်။ အဲဒီလိုထည့်သွင်းပေးလိုက်တာကြောင့် ကုန်ပစ္စည်းများကို လိုမ့်တင်၊ လိုမ့်ချမှုလုပ်နိုင်စေပါလိမ့်မယ်။

မောင်းနှင်မှုအတွက် MATRIX ကုမ္ပဏီထုတ် တတိယမျိုးဆက်မောင်းသူမဲ့ထိန်းချုပ်ရေးစနစ်ကိုအသုံးပြုထားတာဖြစ်ပါတယ်။ ဒါကြောင့် ဒီရဟတ်ယာဉ်တွေဟာ ကုန်ပစ္စည်းတွေကို ၂၅ ရာခိုင်နှုန်းပိုမိုသယ်ဆောင်နိုင်မှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ကမ္ဘာ့ပထမဆုံးအဖြစ် သွားလေရာသယ်သွားနိုင်တဲ့ နျူကလီးယားဓာတ်ပေါင်းဖို



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်အခြေစိုက် စွမ်းအင်နည်းပညာကုမ္ပဏီအသစ်တစ်ခုဖြစ်တဲ့ Radiant က နျူကလီးယားစွမ်းအင်ကဏ္ဍကို တစ်ခေတ်ဆန်းသစ်စေမယ့် နည်းလမ်းနဲ့စီမံကိန်းကို ထုတ်ဖော်ပြောလိုက်ပါတယ်။ အဲဒါကတော့ ကမ္ဘာ့ပထမဆုံးဖြစ်လာမယ့် သွားလေရာကိုသယ်သွားနိုင်တဲ့ နျူကလီးယားဓာတ်ပေါင်းဖိုစီမံကိန်းပါပဲ။ အဲဒီစီမံကိန်းကနေထွက်ပေါ်လာမယ့် ပထမဆုံးသောနျူကလီးယားဓာတ်ပေါင်းဖိုက ၂၀၂၈ ခုနှစ်မှာဖြစ်ပါတယ်။ ၂၀၂၉ ခုနှစ်ကနေစပြီးတော့ တစ်နှစ်ကို နျူကလီးယားဓာတ်ပေါင်းဖိုပေါင်း အလုံး ၅၀ အထိထုတ်လုပ်သွားဖို့ စီစဉ်ထားပါတယ်။

Radiant ကုမ္ပဏီကထုတ်လုပ်မယ့် နျူကလီးယားဓာတ်ပေါင်းဖိုကို Kaleidos လို့အမည်ပေးထားပါတယ်။ Kaleidos က လျှပ်စစ်ဓာတ်အား ၁ မဂ္ဂါဝပ်ထွက်ရှိမယ့် ဓာတ်ပေါင်းဖိုအမျိုးအစားဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြင်သာအောင်ပြောရရင် လက်ရှိအသုံးပြုနေတဲ့မီးစက်တွေလိုမျိုးပါပဲ။ ဒီစီမံကိန်းကို တန်နက်ဆီပြည်နယ်ရှိအုတ်ရစ်ဒေသမှာ အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# ကိုယ်ပျောက်လေယာဉ်ကိုခြေရာခံဖို့ တရုတ်နိုင်ငံကထုတ်လုပ်မယ့် ကမ္ဘာ့ပထမဆုံးသော ကွမ်တမ်ရေဒါ



တရုတ်နိုင်ငံက ကိုယ်ပျောက်တိုက်လေယာဉ်များကိုခြေရာခံနိုင်စေမယ့် ကွမ်တမ်ရေဒါများကိုထုတ်လုပ်နေတယ်လို့ဆိုပါတယ်။ အဓိကအားဖြင့် ဖိုတွန်တွေကိုဖမ်းယူနိုင်မယ့်ကိရိယာတွေကို အရေအတွက်အမြောက်အမြားထုတ်လုပ်နေတာပါ။ ဒီကိရိယာက ကမ္ဘာ့ပထမဆုံးဖြစ်ပြီးအသံထွက်ရှိမှုနှုန်း အလွန်နည်းပါးတယ်လို့ဆိုပါတယ်။ ဖိုတွန်ဖမ်းယူကိရိယာဆိုတာ စွမ်းအင်ရဲ့အမှုန်လေးတစ်မှုန်ကိုတောင်မှ ဖမ်းယူနိုင်စွမ်းရှိတယ်လို့ တရုတ်နိုင်ငံကထုတ်ပြန်ထားပါတယ်။

လူသားတွေအနေနဲ့ အရာဝတ္ထုတစ်ခုကိုမြင်ရတဲ့အခါ မရေမတွက်နိုင်တဲ့ဖိုတွန်အမှုန်များစုပေါင်းခြင်းအားဖြင့် ရုပ်ပုံတစ်ခုကိုပေါ်လာစေတာဖြစ်ပါတယ်။ အဲဒီမှာမှ ဖိုတွန်အမှုန်လေးတစ်ခုကို ဖမ်းယူနိုင်ဖို့ဆိုတာက အလွန်မှကိုရှားပါးတဲ့အခြေအနေပါ။ အခုတရုတ်နိုင်ငံက ဖန်တီးထုတ်လုပ်ထားတဲ့ ဖိုတွန်ဖမ်းယူကိရိယာက အလွန်သေးငယ်လှတဲ့ အချက်ပြထုတ်လွှင့်မှုများကို ဖမ်းယူနိုင်တဲ့အပြင် ခြေရာခံခြင်းကိုလည်း လုပ်ဆောင်နိုင်စွမ်းရှိပါတယ်။

ဒီအတွက်ကြောင့် ကွမ်တမ်ဆက်သွယ်ရေးနဲ့ ရေဒါနည်းပညာအတွက်ဖိုတွန်ဖမ်းယူကိရိယာများက အရေးအပါဆုံးသောအရာများဖြစ်လာတာဖြစ်တယ်လို့ ထုတ်ပြန်ချက်ထဲမှာဖော်ပြထားပါတယ်။ **Ref: IE**

**ကိုထက်**

## ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ကြား တိုက်ပွဲများကြောင့် လူ ၁၈ ဦးသေဆုံးပြီး ၃၆၀ ကျော်ဒဏ်ရာရ

**အစ္စလာမ်မာဘတ်၊ စစ်ရေး**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့ကြားဖြစ်ပွားသည့် အပြန်အလှန်တိုက်ခိုက်မှုများကြောင့် သေဆုံးသူအနည်းဆုံး ၁၈ ဦးရှိကြောင်းနှင့် ဒဏ်ရာရရှိသူမှာ အယောက် ၃၆၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက အောက်တိုဘာလ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

ယင်းနှစ်နိုင်ငံကြား အပြန်အလှန်တိုက်ခိုက်မှုများသည် အောက်တိုဘာလ ၁၀ ရက်ကတည်းကဖြစ်ပွားနေခြင်းဖြစ်ပြီး အရပ်သားများ ထိခိုက်မှုမရှိစေရေးအတွက် နှစ်နိုင်ငံစလုံးအနေဖြင့် တိုက်ခိုက်မှုများကို ရပ်တန့်ရန် ကုလသမဂ္ဂက တိုက်တွန်းတောင်းဆိုထားသည်။

ယခုဖြစ်ပွားသည့် အပြန်အလှန်တိုက်ခိုက်မှုများသည် ၂၀၂၁ ခုနှစ်နောက်ပိုင်း ထိုနှစ်နိုင်ငံကြား အပြင်းထန်ဆုံးသော တိုက်ခိုက်မှုဖြစ်ကြောင်းနှင့် တိုက်ခိုက်မှုစတင်ဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်အပြစ်တင်စွပ်စွဲထားကြောင်းသိရသည်။

**Ref: EJ**

## NATO တပ်ဖွဲ့က ရုရှားနယ်စပ်အနီး၌ အင်အားအလုံးအရင်းဖြင့် ဖြန့်ကြက်နေရာယူလာဟုဆို



**မော်စကို၊ စစ်ရေး**

NATO တပ်ဖွဲ့သည် ရုရှားနိုင်ငံနယ်စပ်အနီး၌ အင်အားအလုံးအရင်းဖြင့်ဖြန့်ကြက်နေရာယူလာနေကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရေးဘယ်လူဆော့က ပြောသည်။ NATO တပ်ဖွဲ့အနေဖြင့် ရုရှားနိုင်ငံ၏နယ်စပ်အနီး၌ စုဖွဲ့လေ့ကျင့်မှုများနှင့် ကင်းထောက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်လာခြင်းအပေါ် ရုရှားကာကွယ်ရေးဝန်ကြီးက ယခုကဲ့သို့ ထောက်ပြပြောဆိုထားခြင်းဖြစ်သည်။

ထို့ကြောင့် အနောက်အုပ်စုအနေဖြင့် ရန်လိုသောလှုပ်ရှားမှုများကို ဆောင်ရွက်လာနေစဉ် မိတ်ဖက်ဆက်ဆံရေးကို ပိုမိုတိုးမြှင့်ခြင်းသည် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးအတွက် အရေးအကြီးဆုံးသောအကြောင်းရင်းတစ်ရပ်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးနှင့်တွေ့ဆုံဆွေးနွေးစဉ် ပြောသည်။

မကြာသေးမီက NATO တပ်ဖွဲ့အနေဖြင့် လုပ်ဆောင်သော ရုရှားနိုင်ငံအနီး စစ်ရေးလေ့ကျင့်မှုတွင်စစ်အင်အားစုစုပေါင်း ၆၀၀၀၀ ဝန်းကျင်အထိပါဝင်လာကြောင်း၊ ယခုနှစ်အတွင်းမှာပင် NATO တပ်ဖွဲ့ကလုပ်ဆောင်သည့် စစ်ရေးလေ့ကျင့်ခန်းအကြိမ်ရေစုစုပေါင်းသည် ၁၂ ကြိမ်နီးပါးအထိရှိလာပြီဖြစ်ကြောင်း၊ တစ်ကြိမ်စီတိုင်းတွင်လည်း စစ်သည်အင်အားအနည်းဆုံး ထောင်ဂဏန်းနှင့်အထက်ပါဝင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက မှတ်ချက်ပြုပြောထားသည်ဟုသိရသည်။

**Ref: RT**

## အစ္စရေးက ဟားမက်တို့ကို တိုက်ခိုက်မှု မပြီးဆုံးသေးဟု နေတန်ယာဟုပြော

**တဲအဗစ်၊ စစ်ရေး**

အစ္စရေးနိုင်ငံအနေဖြင့် ဟားမက်တို့ကို တိုက်ခိုက်မှုမပြီးဆုံးသေးကြောင်းနှင့် ထိုအဖွဲ့တစ်ဖွဲ့လုံး ပျက်စီးသွားသည်အထိကို မျှော်မှန်းထားကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက အောက်တိုဘာလ ၁၆ ရက်တွင်ပြောသည်။

“တိုက်ခိုက်မှုကမပြီးဆုံးသေးပါဘူး။ ဒီကနေ့မှာဆိုရင် မိမိတို့ကိုဆန့်ကျင်တိုက်ခိုက်သူတွေအနေနဲ့ တန်ဖိုးကြီးကြီးမားမား ပေးဆပ်ရမယ်ဆိုတာ သိရှိသွားကြပါပြီ။ မိမိတို့ရဲ့ရှင်သန်ရပ်တည်မှုကို နှောင်နှစ်ပေါင်းများစွာကြာသည်အထိ သတ်မှတ်ပေးနိုင်စေမယ့် ပြီးပြည့်စုံတဲ့အောင်ပွဲရရှိဖို့ကိုရည်မှန်းထားပါတယ်” ဟု နေတန်ယာဟုက ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၇ ရက်တွင်ကွယ်လွန်သွားသူများအတွက် အောက်မေ့ဖွယ်အခမ်းအနား၌ပြောသည်။ လက်ရှိတွင် အစ္စရေးနှင့်ဟားမက်တို့ကြား အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ပထမအဆင့်ကိုရရှိထားကြောင်းသိရသည်။

**Ref: Sputnik**

## ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူ ၁၄ ဦး ဒဏ်ရာရ

**ဘန်ကောက်၊ အကြမ်းဖက်မှု**

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်ရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်ရှေ့၌ ဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ပွားရာ အနည်းဆုံး လူ ၁၄ ဦးဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါဗုံးပေါက်ကွဲမှုသည် အောက်တိုဘာလ ၁၆ ရက် နံနက်ပိုင်းတွင်ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရရှိသူများတွင် ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သားများပါဝင်ကြောင်းနှင့် ၎င်းတို့ကိုဆေးရုံတင်ထားကြောင်း တာဝန်ရှိသူများက ထုတ်ပြန်ထားသည်။

ဗုံးပေါက်ကွဲမှုနှင့်ပတ်သက်၍ ပဏာမစုံစမ်းစစ်ဆေးမှုအရ ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လုပ်ငန်းတာဝန်များကိုထမ်းဆောင်နေစဉ် တိုက်ခိုက်သူများက ရဲတပ်ဖွဲ့ဝင်များကိုပစ်မှတ်ထား၍ လက်လုပ်ဗုံးတစ်လုံးကို ဖောက်ခွဲလိုက်ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်ကိုကိုးကား၍ ဒေသတွင်းသတင်းဌာနများတွင် ဖော်ပြထားသည်။

**Ref: Xinhua**

## တရုတ်လေယာဉ်များ ရုရှားမှမဖြတ်သန်းရန် ထရမ့် တောင်းဆိုချက် တရုတ်လေကြောင်းလိုင်းများပယ်ချ



**ပေကျင်း၊ စီးပွားရေး**

တရုတ်နိုင်ငံပိုင်လေကြောင်းလိုင်းများမှ ခရီးသည်တင်လေယာဉ်များအနေဖြင့် အမေရိကန်နိုင်ငံသို့ပျံသန်းရာတွင် ရုရှားနိုင်ငံ၏ဝေဟင်အထက်မှ ဖြတ်ကျော်ခြင်းမပြုရန် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏တောင်းဆိုချက်ကို တရုတ်လေကြောင်းလိုင်းများက ပယ်ချကြောင်းသိရသည်။

တရုတ်နှင့် အမေရိကန်တို့ကြား ကုန်သွယ်ရေးနှင့်ပတ်သက်၍ သဘောထားတင်းမာမှုများပြန်လည်ဖြစ်ပွားလာနေစဉ် ထရမ့်က ယခုကဲ့သို့တောင်းဆိုလာခြင်းဖြစ်ပြီး ယင်းတောင်းဆိုချက်ကို တရုတ်လေကြောင်းလိုင်းများက ပယ်ချလိုက်ခြင်းဖြစ်သည်။

ထရမ့်၏တောင်းဆိုချက်အတိုင်း အမေရိကန်သို့ ခရီးစဉ်လမ်းကြောင်းတွင် ရုရှားနိုင်ငံ၏ဝေဟင်ကိုရှောင်ကွင်းသွားရပါက ခရီးသည်များအနေဖြင့် ကုန်ကျစရိတ်ပိုမိုများပြားနိုင်သည့်အပြင် အချိန်ပိုကြာမည်ဖြစ်ကြောင်း၊ ထို့ပြင် ယင်းလုပ်ဆောင်ချက်သည် ခရီးသည်များ၏အခွင့်အရေး၊ ပြည်သူလူထု၏အကျိုးစီးပွားကို များစွာထိခိုက်စေကြောင်း တရုတ်လေကြောင်းလိုင်းများက အမေရိကန်နိုင်ငံသယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနသို့ စာတင်ထားသည်။ ထို့အတူ ထရမ့်၏တောင်းဆိုချက်က အမေရိကန်၏အကျိုးစီးပွားကိုသာ ထိခိုက်စေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

**Ref: BP**

## အင်ဒိုနီးရှားက တရုတ်နိုင်ငံထုတ် J-10 တိုက်လေယာဉ်များကိုဝယ်ယူမည်

**ဂျကာတာ၊ ကာကွယ်ရေး**

အင်ဒိုနီးရှားနိုင်ငံက တရုတ်နိုင်ငံထုတ် J–10 တိုက်လေယာဉ်များကို ဝယ်ယူသွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးကပြောသည်။ အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ယခုကဲ့သို့ဝယ်ယူပါက တရုတ်နိုင်ငံထုတ် J–10 တိုက်လေယာဉ်များကို ပါကစ္စတန်ပြီးနောက် ဒုတိယဝယ်ယူသည့် ပြည်ပနိုင်ငံဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် နိုင်ငံ၏လေတပ်ကို အဆင့်မြှင့်တင်မှုများ လုပ်ရန်ကြိုးပမ်းနေစဉ် တရုတ်နိုင်ငံထုတ် စစ်လေယာဉ်များကို ပထမဆုံးဝယ်ယူရန် လုပ်ဆောင်လာခြင်းဖြစ်သည်။ သို့သော် J–10 တိုက်လေယာဉ်အစင်းရေ မည်မျှဝယ်ယူမည်ကိုမူ အင်ဒိုနီးရှားကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောထားခြင်းမရှိသည်ကို တွေ့ရသည်။

တစ်ချိန်တည်းမှာပင် အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးက ထိုတိုက်လေယာဉ်များကို ဝယ်ယူရေးအတွက် အမေရိကန်ဒေါ်လာ ၉ ဘီလီယံနီးပါးကိုခွင့်ပြုပေးထားကြောင်း ပြောထားစဉ် အင်ဒိုနီးရှားက တရုတ်နိုင်ငံမှဝယ်ယူမည့် တိုက်လေယာဉ်စုစုပေါင်းအရေအတွက်မှာ အနည်းဆုံး ၄၂ စင်းဖြစ်ကြောင်း သတင်းဌာနတစ်ခုကဖော်ပြထားသည်။ တရုတ်နိုင်ငံက တတိယမျိုးဆက် J–10 တိုက်လေယာဉ်များကို မကြာသေးမီက စတုတ္ထမျိုးဆက်အလွန်အထိ အဆင့်မြှင့်တင်ထားသည်။

**Ref: SCMP**



# TNLA အကြမ်းဖက်သောင်းကျန်းသူများက သီပေါမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများနှင့် ပြည်သူလူထု၏နေအိမ်များအား မီးရှို့ထွက်ပြေး



TNLA အကြမ်းဖက် သောင်းကျန်း သူများ မီးရှို့ဖျက်ဆီး ခဲ့မှုကြောင့် သီပေါမြို့ရှိ အကျဉ်းဦးစီးဌာန အဆောက်အအုံ မီးလောင်နေမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက် သောင်းကျန်းသူများ မီးရှို့ဖျက်ဆီး ခဲ့မှုကြောင့် သီပေါမြို့ရှိ မြေစာရင်းရုံးနှင့် ပြည်သူပိုင် အဆောက်အအုံများ မီးလောင်နေမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက် သောင်းကျန်း သူများ မီးရှို့ဖျက်ဆီး ခဲ့မှုကြောင့် သီပေါမြို့ရှိ သီပေါဟိုတယ် မီးလောင်နေမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက် သောင်းကျန်း သူများ မီးရှို့ဖျက်ဆီး ခဲ့မှုကြောင့် သီပေါမြို့ရှိ အထွေထွေ အုပ်ချုပ်ရေးမှူးရုံး အဆောက်အအုံ မီးလောင်နေမှုကို တွေ့ရစဉ်။



TNLA အကြမ်းဖက်သောင်းကျန်းသူများ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် သီပေါမြို့လယ် ရပ်ကွက်ရှိ မြေစာရင်းရုံးအဆောက်အအုံ မီးလောင်နေမှုကို တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

တပ်မတော်အနေဖြင့် TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ခြေကုတ်ယူထားသည့် မြို့/ရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter- Terrorism Operation)များကို ဆောင်ရွက်ခဲ့ရာ နောင်ချိုမြို့အား ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်တွင်လည်းကောင်း၊ ကျောက်မဲမြို့အား အောက်တိုဘာလ ၁ ရက်တွင်လည်းကောင်း တပ်မတော်က အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး ဒေသပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ဒေသခံပြည်သူများက အတူတကွပူးပေါင်းလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလားတူ TNLA အကြမ်းဖက်အဖွဲ့နှင့် DPLA ၊ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်ကိုလည်း ခြေကုတ်ယူပြီး အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသဖြင့် တပ်မတော်စစ်ကြောင်းများက သီပေါမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယနေ့ညနေပိုင်းတွင် သီပေါမြို့အဝင် Toll Gate သို့ရောက်ရှိစဉ် မြို့တွင်းမှ မီးခိုးလုံးများတွေ့ရှိသဖြင့် မြို့တွင်းသို့ ဝင်ရောက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် သီပေါမြို့အတွင်းရှိ ဌာနဆိုင်ရာအဆောက်အအုံများဖြစ်သည့် အကျဉ်းဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ မြေစာရင်းရုံး၊ သီပေါဟိုတယ်အပါအဝင် အခြားဌာနဆိုင်ရာ အဆောက်အအုံများနှင့် ပြည်သူလူထု၏ နေအိမ်များအား ရက်စက်ယုတ်မာစွာ မီးရှို့ထွက်ပြေးသွားကြောင်း သိရှိရသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများက အခြားအဆောက်အအုံများ မီးကူးစက်မှုမရှိစေရေးအတွက် မီးငြိမ်းသတ်နိုင်ရေးနှင့် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

---


## ၂၀၂၆ ခုနှစ် အာရှဖလား ယူ - ၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ် မြန်မာနှင့်အင်ဒိုနီးရှား အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်မှုကို တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၆

၂၀၂၆ ခုနှစ် အာရှဖလား ယူ-၁၇ အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲစဉ်ကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိရာ မြန်မာနှင့် အင်ဒိုနီးရှားအမျိုးသမီးဘောလုံးအသင်းတို့သည် အောက်တိုဘာလ ၁၇ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၃ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

မြဝတီ



# ဧရာဝတီတိုင်းဒေသကြီး၏ လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းစစ်ဆေးအားပေး

နေပြည်တော် အောက်တိုဘာ ၁၆

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များမှ လယ်ယာကဏ္ဍဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ်ဒုတိယဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် နွေစပါး၊ မိုးစပါးစီမံကိန်းနှင့်ဆီထွက်သီးနှံစီမံကိန်းများ၊ နေကြာသီးနှံတိုးချဲ့စိုက်ပျိုးရေးနှင့် မေထုန်မဲ့ သားစပ်လုပ်ငန်းများဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားသည်။

ညနေပိုင်းတွင်YUZANA GROUP AYEYAR-WADY FISHERIES .,Ltd. ၏ အအေးခန်းစက်ရုံတွင် ရေချိုပုစွန်များပြုပြင်ထုပ်ပိုးအေးခဲနေမှု၊ ပုစွန်အသားကြိတ်အေးခဲနေမှုနှင့်ခာတ်ခွဲခန်းများ၊ ဂျပန်နိုင်ငံသို့ ပို့ဆောင်ရန် ထုပ်ပိုးစီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး ငါးဖမ်းရေယာဉ်စောင့်ကြည့်ထိန်းချုပ်ရေးဌာနခွဲ(ပုသိမ်)သို့ရောက်ရှိပြီး နိုင်ငံတကာတွင် လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြည်တွင်းပြည်ပငါးဖမ်း၊ ငါးသယ်ရေယာဉ်များကို စောင့်ကြည့်ထိန်းချုပ်ထောက်လှမ်းနေမှု၊ မြန်မာ့ပင်လယ်ရေပြင်အတွင်း ငါးလုပ်ငန်းများ စနစ်တကျလုပ်ကိုင်ဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဆင့် ကြခတ်ချောင်ကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးအောင်သက်ပိုင်၏ နို့ထွက်ပစ္စည်းလုပ်ငန်းနှင့်ရွှေနွားနို့စားနွား မွေးမြူရေးခြံတွင် နို့စားနွားအကောင် ၇၀၊ အသားစားနွားသုံးကောင် မွေးမြူထားရှိမှု၊ ဒိန်ချဉ်နို့အေးနှင့် ဖာလူဒါဖျော်ရည်များ ထုတ်လုပ်နေမှုတို့ကို ကြည့်ရှုအားပေးပြီး ပတ်ဝန်းကျင်သန့်ရှင်းရေး၊ အစားအစာ ဘေးကင်းလုံခြုံရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ မြဝတီ

## ဘဏ်ပိတ်ရက်ကြော်ငြာ

လွှဲပြောင်းနိုင်သောစာချုပ်စာတမ်းများ အက်ဥပဒေအရ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၂၀)ရက် (တနင်္လာ)နေ့ "ဒီပါဝလီနေ့"သည် အများပြည်သူအလုပ်ပိတ်ရက်ဖြစ်ပါသဖြင့် ၎င်းရက်တွင် ဘဏ်များအားလုံး ပိတ်ထားလိမ့်မည် ဖြစ်ပါကြောင်း။

**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၆**

၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၆ ရက် မြန်မာစံတော်ချိန် ၁၃ နာရီ ၂၇ မိနစ် ၅၉ စက္ကန့်အချိန်တွင် ကသာမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၄၆ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း(ဗန်းမောက်မြို့၏အနောက်ဘက် ၁၃ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၄ ဒသမ ၄၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၆၅ ဒီဂရီ၊ အနက် ၁၅၉ ကီလိုမီတာကိုဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၄ ဒသမ ၅ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ **(မိုး/ဇလ)**

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စိုက်ပျိုးရေးသုံးပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ




တရားမဝင် သစ်များ

ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



လိုင်စင်မဲ့ မော်တော်ယာဉ် (Toyota Voxy 2008 Model)

မွန်ပြည်နယ်၌ ဖမ်းဆီးရမိမှု။



အကောက်ခွန်ဦးစီးဌာနမှ ဖမ်းဆီးရမိမှု။

**နေပြည်တော် အောက်တိုဘာ ၁၆**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၃ ရက်**တွင် ဇမ္ဗူသီရိမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၃ ရက်**တွင် စစ်ကိုင်းမြို့နယ်၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၂၀ မျိုး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၆၁၂၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၃ ရက်**တွင် ကျောက်တံခါးမြို့နယ်နှင့် ဖြူးမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် (၁ ဒသမ ၂၈၂)တန်၊ သစ်မာ (၁ ဒသမ ၈၇၆)တန်၊ အခြားသစ် (သုည ဒသမ ၆၃၅)တန် **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၇၀၃၃၆)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၄ ရက်**တွင် သထုံမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မော်လမြိုင်မြို့နယ်၊ ကော့ခမယ်ကျေးရွာရှိ အအေးခန်းဂိုဒေါင်(၁)လုံး အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၃၈၄၅၀၀၀)ကို အမြန်စီမံခန့်ခွဲရန်လိုအပ်သောကုန်ပစ္စည်းများဆိုင်ရာ လုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဂိုဒေါင်ပိုင်ရှင်အား ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၁၈၄၅၀၀၀)**ကို အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၁ ရက်၊ ၁၃ ရက်နှင့် ၁၄ ရက်**တို့တွင် မင်္ဂလာဒုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ တိုက်ကြီးမြို့နယ်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၈၅၁)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၈၄၈၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၈၄၈၀)** ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၄ ရက်**တွင် တောင်ကြီးမြို့နယ်၊ ရပ်စောက်-ရွှေညောင်လမ်းအနီး၌ မော်တော်ယာဉ်(၈)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်လူသုံးကုန်ပစ္စည်း (၆၅)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၂၀)မျိုး၊ စိုက်ပျိုးရေးသုံးပစ္စည်း (၂)မျိုး၊ စားသောက်ကုန်ပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၃၅၀၈၇၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hiace (၅)စီး၊ King Long Mini Bus (၁)စီး၊ Man Star (MPV) (၁)စီး၊ Jinbei Haise Minibus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၈၅၀၈၇၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **အောက်တိုဘာလ ၁၅ ရက်**တွင်ညောင်ခါးရှည်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ် (၂)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၆)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၂၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng EV (၁)စီး၊ Honda Fit Shuttle (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၂၀၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ်၊ **အောက်တိုဘာလ ၃ ရက်၊ ၁၁ ရက်၊ ၁၃ ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်တို့တွင်** ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၃၄)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၁၀၁၄၅၁၆)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်တင်သွင်းမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

မြဝတီ

# ရွှေတိဂုံစေတီတော်မြတ်ကြီးအား စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ သွားရောက်ကြည်ညို



ရန်ကုန်  အောက်တိုဘာ ၁၆

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr.Evgeny Grigoryev နှင့် ဇနီးတို့သည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌနှင့် ဇနီးတို့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးကို လှည့်လည်ကြည်ညိုကြပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီး အောက်ပစ္စယာသိင်္ဂုတ္တရဥယျာဉ်တော်၊ ရှင်ဥပဂုတ္တမင်္ဂလာကန်တော်အတွင်းရှိငါးများကို ငါးစာကျွေး၍ ကုသိုလ်ပြုကြသည်။

ထို့အတူ စိန့်ပီတာစဘတ်မြို့အစိုးရအဖွဲ့ဝင်၊ ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌ Mr.Vyacheslav KALGANOV နှင့်ကိုယ်စားလှယ်အဖွဲ့သည်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးဌေးအောင်နှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ရုရှား-မြန်မာနှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတက်ရောက်ကြသည်။

ဦးစွာ နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ် အခြေခံပညာကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲ ဆုရပန်းချီကားများပြသထားမှုကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "မြန်မာ့ကျောင်းသီချင်း" ဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီး လူမှုရေးဝန်ကြီးနှင့် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများက ကဗျာလွတ်အကဖြင့် ဖျော်ဖြေမှုကိုကြည့်ရှုအားပေးကြပြီး တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက်ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေကြသည့် ကျောင်းသား၊ ကျောင်းသူများကို အမှတ်တရလက်ဆောင်ပန်းခြင်း ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ ပြည်ပဆက်ဆံရေးကော်မတီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် သန်လျင်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံးသို့ရောက်ရှိပြီး ကော်မတီရုံး၌ နှစ်နိုင်ငံ စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ သီလဝါအထူးစီးပွားရေးဇုန်ကိုလည်းကောင်း၊ ကျောက်တန်းမြို့ ဆေးဘိုဝကျေးရွာရှိချစ်ခြင်းမေတ္တာပရဟိတဂေဟာကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြစ်ကြီးနားမြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ရှိ မင်္ဂလာသုခကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၀ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်း၊ ခတ်မှန်ရိုက်ကူး၍ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဝဲကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ၂ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အဆိုပါ ကျေးရွာရှိ ဝဲကြီးကျောင်းတိုက်၌လည်းကောင်း၊ တွံတေးမြို့နယ်၊ ကံရွာကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၁၃၈ ဦးတို့ကို အဆိုပါကျေးရွာရှိ သစ္စာရောင်ခြည်ဓမ္မာရုံ၌လည်းကောင်း ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၂°C | / | ၃၁°C |
| ရန်ကုန် | ၂၄°C | / | ၃၄°C |
| မန္တလေး | ၂၅°C | / | ၃၂°C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၁၀-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၅ | ၂၈၂၀ | ၂၇၈၅ | ၂၇၂၀ | ၂၈၂၅ | ၂၈၄၀ | ၂၈၅၅ | ၂၇၇၅ | ၄၅၀၅ | ၃၀၇၀ | ၂၇၉၅ | ၂၈၅၅ | ၂၈၆၅ | ၂၈၃၀ | ၂၈၅၀ | ၃၁၁၀ |
| 95 Ron | ၂၇၉၀ | ၂၉၀၅ | ၂၈၇၀ | ၂၈၀၅ | ၂၉၁၀ | ၂၉၂၅ | ၂၉၄၅ | ၂၈၆၅ | ၄၅၆၀ | ၃၁၅၅ | ၂၈၈၀ | ၂၉၃၅ | ၂၉၅၀ | ၂၉၁၅ | ၂၉၄၀ | ၃၁၉၅ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၇၅ | ၂၅၄၅ | ၂၄၈၀ | ၂၅၈၅ | ၂၆၀၀ | ၂၆၁၅ | ၂၅၃၅ | - | ၂၈၃၀ | ၂၅၅၀ | ၃၁၇၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၁၀ | ၂၈၆၅ |
| HSD (50 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | ၄၈၃၀ | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |
| HSD (10 ppm) | ၃၀၀၀ | ၃၁၁၅ | ၃၀၈၀ | ၃၀၁၅ | ၃၁၂၀ | ၃၁၃၅ | ၃၁၅၅ | ၃၀၇၀ | - | ၃၃၆၅ | ၃၀၉၀ | ၃၁၈၅ | ၃၁၆၀ | ၃၁၂၅ | ၃၁၄၅ | ၃၄၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၄ | ၂၆၂၉ |
| 95 Ron | ၂၆၂၉ | ၂၇၁၅ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၆ |
| HSD (50 ppm) | ၂၈၃၂ | ၂၉၁၈ |
| HSD (10 ppm) | ၂၈၃၂ | ၂၉၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျောက်မဲမြို့၊ အခြေခံပညာအထက်တန်းကျောင်း(နောင်ပိန်) ထပ်မံဖွင့်လှစ်၊ ကျောင်းအပ်နှံမှုများ ဆက်လက်လက်ခံ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



ကျောက်မဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနေမှုကိုတွေ့ရစဉ်။



ကျောက်မဲမြို့သို့ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှတာဝန်ရှိသူများက အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကျောက်မဲမြို့၌ ကျောင်းသား၊ ကျောင်းသူများ အမြန်ဆုံး ပညာသင်ကြားနိုင်ရေးအတွက်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထုတို့ ပူးပေါင်း၍ အင်တိုက်အားတိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြရာ ကျောက်မဲမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို အောက်တိုဘာလ ၈ ရက်တွင်လည်းကောင်း၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့်အမှတ်(၄)အခြေခံပညာအလယ်တန်းကျောင်းကို အောက်တိုဘာလ ၁၅ ရက်တွင်လည်းကောင်း ဖွင့်လှစ်ခဲ့ပြီး ယနေ့တွင် အခြေခံပညာအထက်တန်းကျောင်း (နောင်ပိန်)ကိုထပ်မံဖွင့်လှစ်နိုင်ခဲ့ရာ ယနေ့အထိ အခြေခံပညာကျောင်း ၄ ကျောင်း ဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါကျောင်းများ၌ ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၅၈၉ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား၊ ကျောင်းသူ ၃၆၃၆ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး စာပေပညာများကို စိတ်အေးချမ်းသာစွာ သင်ကြားလျက်ရှိကြောင်း သိရှိရသည်။ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်းပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များဆောင်ရွက်ပေးကြသည်။

၎င်းအပြင် ကျောက်မဲမြို့သို့ ပြန်လည်ဝင်ရောက်လာသည့် ဒေသခံပြည်သူများအား အိမ်ထောင်စုစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ထို့ပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာနေထိုင်လျက်ရှိသည့်နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိတရုတ်တုံကျောင်း၌ ယာယီဆေးရုံဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၉၁ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာ ၁ ဦးတို့ကို လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**



*117# ကိုခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ဝယ်ယူကံစမ်းနိုင်ပါပြီ။

**ပျောက်ဆုံးကြောင်း**
ဟွမ်ကျင်းဝေ(ဘ)ဦးဟွမ်ကွမ်းယို ၁၃/ကကန(နိုင်)၀၀၁၆၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မရှောက်ဆန်း(ခ)လှဲ့လှဲ့ဝင်း(ဘ)ဦးရန်ယူချွင်း ၁၃/ဟပတ(နိုင်)၀၂၃၇၀၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
တင်ထွန်းအောင်(ဘ)ဦးဝင်းကြည် ၁၄/ပတန(နိုင်)၁၁၀၉၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၁၅၅၁၅၃၄

**မွေးသက္ကရာဇ်အမှန်**
နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ရွှေနံ့သာရပ်ကွက်နေ အဘ ဦးမြသိန်း၊ အမိ ဒေါ်ငြိမ်းရွှေတို့၏သမီး မလှမိုးစမ်း ၉/ပမန(နိုင်)၁၃၇၈၈၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၃-၁၉၇၇ ဖြစ်ပါကြောင်း။ ၂၆-၃-၁၉၇၇

**ပျောက်ဆုံးကြောင်း**
မောင်ကျာဖူရှဲ(ဘ)ဦးကျလော မွေးစာရင်းအရ ၇-၅-၂၀၁၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၀၈၁၄၇၈၄

**အမည်ပြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အ.မ.က(မအူကန်)KG တွင်ပညာသင်ကြားနေသော အဘ ဦးဟန်စိုးထက် ၉/ကပတ(နိုင်)၂၁၁၂၄ ၏သား မောင်သုတစိုးထက်အား မောင်သုတဟန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ မောင်သုတဟန်

**ဖခင်အမည်မှန်**
မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်မြင့်မြတ်သူ၏ဖခင်အမည်မှန်မှာ ဦးကိုလတ် ၈/ခမန(နိုင်)၁၈၆၁၅၂ ဖြစ်ပါကြောင်း။ ဦးကိုလတ်

**ပျောက်ဆုံးကြောင်း**
ဇွန်ဇွန်စံ(ဘ)ဦးစံသိန်း ၁၂/သလန(နိုင်)၁၀၇၆၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၄၄၉၁၇၇၁

**ပျောက်ဆုံးကြောင်း**
HLYAO WAI CHAN(ဘ)HLYPO KYONE PATE ၁၃/နမတ(ပြု)၀၀၀၀၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၁၁၈၄၉၈

**ပျောက်ဆုံးကြောင်း**
သန်းဇော်ဌေး(ဘ)ဦးရင်မောင် ၈/တတက(နိုင်)၁၇၂၄၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၉၆၂၉၈၇၃

**ပျောက်ဆုံးကြောင်း**
ဇေယျာလွင်(ဘ)ဦးမြင့်လွင် ၁၂/ဒဂတ(နိုင်)၀၄၆၈၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၇၃၁၃၇၃

**ပျောက်ဆုံးကြောင်း**
ချိုချိုဝင်း(ဘ)ဦးမြင့်သန်း ၁၂/သလန(နိုင်)၀၈၃၆၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၁၄၂၂၆၂၄

**ပျောက်ဆုံးကြောင်း**
ချမ်းငြိမ်း(ဘ)ဦးမြင့်လွင် ၉/တသန(နိုင်)၂၁၄၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၇၄၇၃၄၃၀

**ပျောက်ဆုံးကြောင်း**
မြနန်းကြည်(ဘ)ဦးစိန်ခို ၈/ရစက(နိုင်)၂၂၈၄၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၁၇၅၉၅၃၈

**ပျောက်ဆုံးကြောင်း**
မိုးလွင်ဦး(ဘ)ဦးကပ်ကျော် ၈/ရစက(နိုင်)၂၄၉၉၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၄၇၅၄၀၂၅

**ပျောက်ဆုံးကြောင်း**
ဝင်းမိုးကျော်(ဘ)ဦးအောင်ကျော်ဝင်း ၁၁/မပန(နိုင်)၁၀၇၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၅၅၇၀၁၉

**ပျောက်ဆုံးကြောင်း**
ချစ်ကိုကို(ဘ)ဦးအေးသိန်း ၆/ကစန(နိုင်)၀၄၈၃၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၈၃၄၃၅၅၅

**ပျောက်ဆုံးကြောင်း**
လှဝင်း(ဘ)ဦးမြလှိုင် ၁၂/ကမန(နိုင်)၀၀၀၈၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၃၆၂၀၃၃၇

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ အလုံကျေးရွာအုပ်စု၊ အလုံ(မြောက်စု)ကျေးရွာနေ သဲနုဇင်(ဘ)ဦးခင်မောင်ဇင် ၁၄/ကခန(နိုင်)၁၂၀၈၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MK 052349)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၉၇၅၂၁၄၀

**ပျောက်ဆုံးကြောင်း**
အုတ်တွင်းမြို့နယ်နေ ဌေးဌေးမြင့်(ဘ)ဦးဝင်း ၇/အတန(နိုင်)၀၅၇၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 66254)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
အုတ်တွင်းမြို့နယ်နေ ငြိမ်းစည်လှိုင်(ဘ)ဦးမြင့်အောင် ၇/အတန(နိုင်)၁၅၃၃၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 468937)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကဝမြို့နယ်နေ ချစ်စန်း(ဘ)ဦးကျော်ရွှေ ၇/ကဝန(နိုင်)၁၂၃၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
နန်းထက်အောင်(ဘ)ဦးစိုး ၇/အတန(နိုင်)၁၄၈၃၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# အရန်ကစားသမား ခြောက်ဦးအထိ တိုးမြှင့်လဲလှယ်ခွင့်ပေးနိုင်ရေး ဥရောပဘောလုံးအဖွဲ့ချုပ်မှ ဘုတ်အဖွဲ့ဝင်များနှင့် ဥရောပထိပ်သီးကလပ်အသင်းများ ဆွေးနွေးမှုပြုလုပ်

ရောမ   အောက်တိုဘာ ၁၆

ဥရောပထိပ်သီးကလပ်အသင်းများသည် ပြိုင်ပွဲများတွင် အရန်ကစားသမား ခြောက်ဦးအထိ တိုးမြှင့်လဲလှယ်ခွင့်ပေးနိုင်ရေးအတွက် ဥရောပဘောလုံးအဖွဲ့ချုပ်မှ ဘုတ်အဖွဲ့ဝင်များနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ပရီးမီးယားလိဂ်အပါအဝင် ဥရောပထိပ်သီးကလပ်အသင်းများသည် ကစားသမားများ၏ ပွဲပန်းမှုလျှော့ချနိုင်ရေးအတွက် တစ်ပွဲလျှင် ကစားသမားခြောက်ဦးအထိ လူစားလဲလှယ်ခွင့်ပေးနိုင်ရေး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

အဆိုပါအဖွဲ့ဝင်များသည် ပြီးခဲ့သည့်ရက်ပိုင်းက အီတလီနိုင်ငံ ရောမမြို့၌ ပြုလုပ်သည့် နှစ်စဉ်အစည်းအဝေးတွင် ဘောလုံးပွဲစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ကြပြီး အဆိုပါအစည်းအဝေးတွင် အသင်းကစားသမားစာရင်းကို ၂၅ ဦးမှ ၂၈ ဦးအထိ တိုးမြှင့်ခြင်း၊ လူစားလဲလှယ်မှုကို ခြောက်ဦးအထိ တိုးမြှင့်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ အလွတ်သဘောတွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ယင်းအစည်းအဝေးသို့ ပရီးမီးယားလိဂ်ပြိုင်ပွဲမှ မန်စီးတီး၊ လီဗာပူး၊ မန်ယူ၊ အာဆင်နယ်နှင့် နော်တင်ဟမ်အသင်းနှင့် ဥရောပထိပ်သီးကလပ်အသင်းတချို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးမှုအကြောင်းအရာများကို ဘောလုံးစည်းမျဉ်းစည်းကမ်းပြောင်းလဲသည့် နိုင်ငံတကာဘောလုံးအဖွဲ့ချုပ်ဘုတ်အဖွဲ့ထံမှ အတည်ပြုချက်ရယူနိုင်ရန် လိုအပ်မည်ဖြစ်သည်။

ယခင်က ဘောလုံးပွဲစဉ်များတွင် လူစားလဲလှယ်မှုကို ကစားသမားသုံးဦးသာ လဲလှယ်ခွင့်ပြုခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကွင်းပိတ်ကစားခဲ့စဉ်က ကစားသမားငါးဦးအထိ တိုးမြှင့်လဲလှယ်ခွင့်ပေးခဲ့သည်။

သို့သော် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်မူ ၂၀၂၀ ပြည့်နှစ် မေလက ကစားသမားငါးဦးအထိ လူစားလဲလှယ်ခွင့်ပေးခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘောလုံးရာသီတွင် ကစားသမားသုံးဦးသာ လူစားလဲလှယ်ခွင့်ပေးခဲ့ကာ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီမှစတင်ကာ ကစားသမားငါးဦးအထိ လူစားလဲလှယ်ခွင့်ကို ပြန်လည်ခွင့်ပြုပေးခဲ့သည်။

ဥရောပကလပ်အသင်းများအနေဖြင့် ပွဲဆက်များကာ ကစားသမားများ ကျန်းမာရေးထိခိုက်လာနိုင်မှုတို့ကြောင့် ယခုကဲ့သို့ ပွဲပန်းမှုလျှော့ချနိုင်ရေးအတွက် လူစားလဲလှယ်မှု တိုးမြှင့်ခြင်းတို့ဖြင့် ဖြေရှင်းနိုင်ရန် ကြိုးပမ်းလာခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

# စပိန်လက်ရွေးစင်အသင်းက ဘူလ်ဂေးရီးယားအသင်းကို အနိုင်ရရှိပြီး ပြိုင်ပွဲစုံ ၂၉ ပွဲဆက် ရှုံးပွဲမရှိစံချိန်ရရှိ

မက်ဒရစ်   အောက်တိုဘာ ၁၆

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုပွဲစဉ်တွင် ဘူလ်ဂေးရီးယားအသင်းကို ၄ ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပြိုင်ပွဲစုံ ၂၉ ပွဲဆက် ရှုံးပွဲမရှိ စံချိန်ကို ရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဖလားခြေစစ်ပွဲအုပ်စုပွဲစဉ်(၄)အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် စပိန်အသင်းနှင့် ဘူလ်ဂေးရီးယားအသင်းတို့ ပွဲစဉ်တွင် စပိန်အသင်းက မီခယ်မာရီနို၊ အိုယာဇာဘယ်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ၂၉ ပွဲတွင် ၂၄ ပွဲအနိုင်နှင့် ငါးပွဲသရေရလဒ် ရရှိခဲ့ခြင်းဖြစ်သည်။

စပိန်အသင်းအနေဖြင့် နည်းပြဒယ်ဘော့စကေးကိုင်တွယ်ခဲ့သည့် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ဟွန်ဒူးရပ်စ်အသင်းကို ၂ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရသည့်ပွဲစဉ်မှစတင်ကာ ၂၄ ပွဲနိုင်၊ ငါးပွဲသရေရလဒ်ဖြင့် ၂၉ ပွဲဆက် ရှုံးပွဲမရှိစံချိန်ကိုရရှိခဲ့ဖူးပြီး ၂၀၁၃ ခုနှစ် တိုက်ကြီးများဖလားပြိုင်ပွဲတွင် ဘရာဇီးအသင်းကို ရှုံးနိမ့်ကာ အဆိုပါစံချိန် ရပ်တန့်ခဲ့ရသည်။

ထို့ပြင် စပိန်အသင်းအနေဖြင့် ၂၀၁၃ ခုနှစ် ယူရိုခြေစစ်ပွဲ၌လည်း စကော့တလန်အသင်းကို ရှုံးနိမ့်ပြီးနောက် ပြိုင်ပွဲများတွင် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တစ်ပွဲမျှမရှိခဲ့ဘဲ ယူရို ၂၀၁၄ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

စပိန်အသင်းအနေဖြင့် လာမည့် နိုဝင်ဘာလတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်(၅)အဖြစ် ဂျော်ဂျီယာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာ အဆိုပါပွဲစဉ်တွင် အနိုင်ရရှိခဲ့ပါက ပြိုင်ပွဲစုံ ပွဲပေါင်း ၃၀ ဆက် ရှုံးပွဲမရှိစံချိန်သစ်ကို ထပ်မံရရှိမည်ဖြစ်ကာ ခြေစစ်ပွဲကိုလည်း တိုက်ရိုက်အောင်မြင်မည်ဖြစ်သည်။



လက်ရှိတွင် စပိန်အသင်းသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် တူကီယံ၊ ဂျော်ဂျီယာ၊ ဘူလ်ဂေးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး လေးပွဲယှဉ်ပြိုင်ကစားထားရာ လေးပွဲစလုံးအနိုင်ရရှိထားပြီး တူကီယံအသင်းက ရမှတ်ကိုးမှတ်ဖြင့် အုပ်စုဒုတိယနေရာ၌ ရပ်တည်နေကြောင်း သိရသည်။

*Ref; Fotmob*




# ဘာစီလိုနာအသင်းက ကွင်းလယ်ကစားသမား ဒီယွန်းကို သက်တမ်းတိုးစာချုပ်ချုပ်ဆို

ဘာစီလိုနာ   အောက်တိုဘာ ၁၆

ဘာစီလိုနာအသင်းသည် နယ်သာလန်လက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဒီယွန်းကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၂၈ နှစ်အရွယ် ကွင်းလယ်ကစားသမား ဒီယွန်းသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလက နယ်သာလန်ကလပ်အေဂျက်အသင်းမှ ယူရို ၁၇ သန်းဖြင့် ဘာစီလိုနာအသင်းထံ ပြောင်းရွှေ့လာပြီးနောက် ယခုအခါ အသင်းနှင့်အတူ ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အစောပိုင်းကာလက ဘာစီလိုနာအသင်းအနေဖြင့် ဒီယွန်း၏ မြင့်မားသည့်လုပ်ခလစာနှုန်းထားကြောင့် ပြန်လည်ရောင်းချရန် ဆန္ဒရှိနေကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။

သို့သော် ဘာစီလိုနာအသင်းအနေဖြင့် ဒီယွန်း၏ ယခင်စာချုပ်အရ တစ်နှစ်လုပ်ခလစာ ယူရို ၁၉ သန်း ပေးချေခဲ့ရပြီး ယခုစာချုပ်သစ်အရ ယူရို ၁၀ သန်းသာ ပေးချေရမည်ဖြစ်ကာ စာချုပ်လျော်ကြေးကို ယူရိုသန်း ၄၀၀ မှ ယူရိုသန်း ၅၀၀ အထိ တိုးမြှင့်ချုပ်ဆိုခဲ့သည်။

ကွင်းလယ်ကစားသမား ဒီယွန်းသည် ဘာစီလိုနာအသင်းတွင် ဘောလုံးရာသီ ခြောက်ရာသီကြာ ပွဲပေါင်း ၂၁၇ ပွဲတွင် ၁၉ ဂိုးသွင်းယူထားနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၂၁ ကြိမ်ပြုလုပ်ထားနိုင်ခဲ့ပြီး ယခုဘောလုံးရာသီတွင်လည်း ရှစ်ပွဲ ပါဝင်ကစားထားသည်။

လက်ရှိတွင် ဘာစီလိုနာအသင်းအနေဖြင့် စပိန်လာလီဂါရှစ်ပွဲတွင် ခြောက်ပွဲနိုင်၊ တစ်ပွဲသရေနှင့် တစ်ပွဲရှုံးနိမ့်ထားကာ ပြီးခဲ့သည့်ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၂)တွင် ပီအက်စ်ဂျီအသင်းကို ၂ ဂိုး - ၁ ဂိုး၊ စပိန်လာလီဂါပွဲစဉ်(၈)တွင် ဆီဗီလာအသင်းကို ၄ ဂိုး-၁ ဂိုးဖြင့် ရှုံးနိမ့်ထားကာ လာမည့် အောက်တိုဘာလ ၁၈ ရက်တွင် စပိန်လာလီဂါ ပွဲစဉ်(၉)အဖြစ် ဂီရိုနာအသင်းကို အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

*Ref; Fotmob*

# Messi Cup ပြိုင်ပွဲတွင် အသင်းကြီးရှစ်သင်းမှ လူငယ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်

မိုင်ယာမီ   အောက်တိုဘာ ၁၆

အင်တာမိုင်ယာမီအသင်းတိုက်စစ်မှူး မက်ဆီကို ဂုဏ်ပြုကျင်းပမည့် Messi Cup ပြိုင်ပွဲတွင် ကမ္ဘာတစ်ဝန်းရှိ အသင်းကြီးရှစ်သင်းမှ လူငယ်ကစားသမားများ ပါဝင်ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို တိုက်စစ်မှူး မက်ဆီပိုင်ဆိုင်သည့် Messi's 525 Rosario က စီစဉ်ကျင်းပမည်ဖြစ်ကာ အသက် ၁၆ နှစ်အောက် လူငယ်ကစားသမားများဖြင့် ကမ္ဘာ့တစ်ဝန်းမှ အသင်းကြီးရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲကို ခြောက်ရက်ကြာကျင်းပမည်ဖြစ်ကာ နောက်ဆုံးဗိုလ်လုပွဲကို အင်တာမိုင်ယာမီအသင်း၏ Chase Stadium ၌ ကျင်းပမည်ဖြစ်သည်။

Messi Cup ပြိုင်ပွဲတွင် အင်တာမိုင်ယာမီအသင်း အပါအဝင် စပိန်ကလပ် ဘာစီလိုနာ၊ အက်သလက်တီကို၊ ဘရာဇီးကလပ် ရေးဗားပလိတ်၊ ပရီးမီးယားလိဂ်ကလပ် ချယ်လ်ဆီးနှင့် မန်စီးတီး၊ စီးရီးအေကလပ် အင်တာမီလန်နှင့်နယူးအိုးဘွိုင်းအသင်းတို့မှ လူငယ်အသင်းများပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ပွဲစဉ်အားလုံးကို အင်တာမိုင်ယာမီအသင်း၏လေ့ကျင့်ရေးကွင်း Florida Blue Training Center နှင့် Chase Stadium တို့၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

လူငယ်ကစားသမားများပါဝင်သည့် အဆိုပါပြိုင်ပွဲကို ပွဲစဉ်ပေါင်း ၁၈ ပွဲဖြင့် အုပ်စုနှစ်ခုခွဲကာ လာမည့် ဒီဇင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

*Ref; Goal.com*

## အမျိုးသားစီမံကိန်းဝန်ကြီးဌာန
## စီမံကိန်းရေးဆွဲရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော
## ဒုတိယဦးစီးမှူးရာထူးနေရာများအတွက်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်များရှိ စီမံကိန်းဦးစီးရုံးအဆင့်ဆင့်တွင် လစ်လပ်လျက်ရှိသောဒုတိယဦးစီးမှူး(လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀)ရာထူး(၃၅)နေရာအတွက် လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် အသက်(၃၀)နှစ်ထက်မကျော်လွန်စေရ။
- (ဂ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၀-၁၁-၂၀၂၅ ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်စေရ။ (သက်ဆိုင်ရာဌာနအကြီးအကဲ၏ခွင့်ပြုချက်ဖြင့် ဝန်ကြီးဌာနမှတစ်ဆင့်လျှောက်ထားရမည်။)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) ဒုတိယဦးစီးမှူးရာထူးအတွက် အောက်ဖော်ပြပါဘွဲ့ရရှိသူများဖြစ်ရမည်- B.Com, B.Econ(Stats), B.Econ(Eco), B.Act, B.B.M, B.B.A, B.P.S, B.Dev.S, B.P.A,……စသည့် စီးပွားရေးနှင့်ဆက်နွယ်သည့်ဘွဲ့များ၊ (အထက်ပါဘွဲ့အားလုံးအတွက် မဟာဘွဲ့ရသူများလည်းလျှောက်ထားနိုင်ပါသည်။)
- (စ) ဒုတိယဦးစီးမှူးအဖြစ်ခန့်အပ်ခြင်းခံရပါက ဌာနတွင်အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
- (ဆ) ကွန်ပျူတာကျွမ်းကျင်စွာအသုံးပြုနိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၂,၀၀၀(ကျပ်နှစ်ထောင်တိတိ)ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများ၏ ငွေစာရင်းအမှတ်များသို့ ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များအားပူးတွဲပါရှိရပါမည်-
- (က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့်ချလန်မူရင်း
- (ခ) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)
- (ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ
- (င) ရက်သတ္တပတ်(၂)ပတ်အတွင်း ရိုက်ကူးထားသောပတ်စ်ပို့ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်)
- (စ) ယခင်ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ဖူးပါက ဌာန၏နုတ်ထွက်ခွင့်ပြုကြောင်း အမိန့်စာမိတ္တူ
- (ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ
- (ဇ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လွန်ခဲ့သော**တစ်လ**အတွင်းရရှိထားသော အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်း၏ထောက်ခံချက်**မူရင်း**
- (ဈ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်**မူရင်း**နှင့် ဌာနဆိုင်ရာပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်**မူရင်း**
- (ည) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ်ဆေးရုံ၏ဆေးစစ်ထောက်ခံချက်**မူရင်း**

၅။ လျှောက်လွှာများကို ရုံးချုပ်(သို့မဟုတ်)သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံကိန်းဦးစီးရုံးများသို့ ၁-၁၂-၂၀၂၅ ရက်နေ့၊ ၁၆:၀၀နာရီနောက်ဆုံးထား၍ အရောက်ပြန်လည်ပေးပို့ရမည်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအကဲထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အမျိုးသားစီမံကိန်းဝန်ကြီးဌာနသို့ ပေးပို့ရန်ဖြစ်ပြီး၊ လျှောက်လွှာမူရင်းခွဲတစ်စောင်ကို စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ရုံးချုပ်နှင့်သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ ၁-၁၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထားပြီး ပေးပို့ရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့်မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့်စာရွက်စာတမ်းအချက်အလက်ပြည့်စုံစွာတင်ပြခြင်းမရှိသူများနှင့် သတ်မှတ်ရက်ထက်နောက်ကျသောလျှောက်လွှာများကို လုံးဝ(လုံးဝ)ထည့်သွင်းလက်ခံ စဉ်းစားမည်မဟုတ်ပါ။

၈။ ရေးဖြေစာမေးပွဲကို ရုံးချုပ်နှင့်တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံး ရုံးစိုက်ရာမြို့ကြီးများ၌ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များကို စစ်ဆေးသွားမည်ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက်ဖြေဆိုခွင့်ရရှိသူ အမည်စာရင်း၊ ခုံအမှတ်တို့ကို အမျိုးသားစီမံကိန်းဝန်ကြီးဌာန၏ Website ဖြစ်သော www.monp.gov.mm အောက်ရှိ စီမံကိန်းရေးဆွဲရေးဦးစီးဌာန Web Pageနှင့် တိုင်းဒေသကြီး၊ ပြည်နယ်စီမံကိန်းဦးစီးရုံးများတွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၉။ အသေးစိတ်သိရှိလိုပါက ရုံးအမှတ်(၁)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန(ရုံးချုပ်)၊ အုပ်ချုပ်ရေးကဏ္ဍ၊ တယ်လီဖုန်းအမှတ် ၀၆၇-၄၀၇၀၂၀၊ ၀၆၇-၄၀၇၅၁၇ သို့ဖြစ်စေ၊ တိုင်းဒေသကြီး/ပြည်နယ် စီမံကိန်းဦးစီးရုံးများသို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက်လိုအပ်သော FDA အသိအမှတ်ပြုဆေးနှင့်ဆေးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.9.Med&Med Supplies(3rd)(2025-2026) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၁၇-၁၀-၂၀၂၅ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၃၀-၁၀-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## မြန်မာ့သစ်လုပ်ငန်း
## ပြည်ပရောင်းဝယ်ရေးနှင့် သစ်စက်ဌာန
## အိတ်ဖွင့်တင်ဒါကြေညာခြင်း

၁။ မြန်မာ့သစ်လုပ်ငန်း၊ ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာနမှ ကျွန်း/သစ်မာ(သစ်လုံး/ခွဲသား)များကို အောက်ဖော်ပြပါအတိုင်း ရောင်းချမည်ဖြစ်ပါသည်-
- (က) **ပြည်ပရောင်းဝယ်ရေးနှင့်သစ်စက်ဌာန**
  ကျွန်းသစ်လုံး(ရန်ကုန်)(၄၀၀)တန်ခန့်၊ သစ်မာသစ်လုံး(နယ်)(၁၂၅၀)တန်ခန့်နှင့် သတဖ-ကျွန်းခွဲသား(နယ်)(၃၅)တန်၊ ကျွန်းခွဲသား(၈၀)တန်ခန့်
- (ခ) **သစ်အခြေခံစက်မှုလုပ်ငန်းဌာန**
  ကျွန်းခွဲသား(၂၇၅)တန်ခန့်
- (ဂ) ရောင်းချမည့်ရက်နှင့်အချိန် - (၇-၁၁-၂၀၂၅)၊ နံနက်(၉:၀၀)နာရီ
- (ဃ) ရောင်းချမည့်နေရာ - တော်ဝင်ခန်းမ၊ မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ (တင်ဒါကျင်းပမည့်ရက်ပြောင်းလဲမှုရှိပါက ထပ်မံအကြောင်းကြားပါမည်။)

၂။ MSMEs လုပ်ငန်းရှင်များအနေဖြင့် လိုအပ်သောကုန်ကြမ်းများအား ဝင်ရောက်ယှဉ်ပြိုင်ဝယ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို မြန်မာ့သစ်လုပ်ငန်း(ရုံးချုပ်)နှင့် website ဖြစ်သော www.mte.com.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဆက်သွယ်ရန်-Ph; 01-287430, 01-528771, 01-528764

### ပျောက်ဆုံးကြောင်း
နော်ချစ်စနိုးဝေ(ဘ)စောကော်ထူး ၁၄/ရသယ(နိုင်)၀၁၀၀၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၅၅၄၉၃၉၇၀

### ပျောက်ဆုံးကြောင်း
မေသူဇင်(ဘ)ဦးမောင်ဦး ၈/အလန(နိုင်)၂၃၉၈၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၅၇၈၁၀

### ပျောက်ဆုံးကြောင်း
သဇင်မိုး(ဘ)ဦးဝင်းနိုင် ၇/တငန(နိုင်)၂၄၉၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 445680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၂၄၅၈၀၉

### ပျောက်ဆုံးကြောင်း
အေးသီတာ(ဘ)ဦးရန်နိုင် ၁၂/မဂဒ(နိုင်)၁၄၀၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၉၉၇၃၅၂၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အမှတ်(၃)ရပ်ကွက်နေ အဘဦးဂျိုးဇက်ဖေ၏သမီး နော်သလေးဖောဖေ(ခ) နော်သလေဖေါ ၃/ဘအန(နိုင်)၀၁၇၈၇၀ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**နော်သလေးဖောဖေ(ခ)နော်သလေဖေါ**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)(၆)၊ Grade-8 မှ မနဒီမောင်၏ဖခင် ဦးမောင်လှ(ခ)ဦးလှမောင် ၁၂/သကတ(နိုင်)၁၉၄၁၈၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးမောင်လှ(ခ)ဦးလှမောင်**

### ပျောက်ဆုံးကြောင်း
စိုးမောင်မောင်ထွေး(ဘ)ဦးသန်းရွှေ ၁၄/ကခန(နိုင်)၀၉၄၉၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 051569)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၈၇၇၅၀၀၉

### ပျောက်ဆုံးကြောင်း
စောရန်အောင်(ဘ)ဦးအောင်မြင့် ၁၂/တမန(နိုင်)၁၁၀၂၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၇၅၅၄၀၇

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နန်းသီတာဦး ၃/ဘအန(နိုင်)၀၅၃၉၈၂ ၏ဖခင် ဦးစောဟဏ်(ခ)ဦးစောဟန် ၃/ဘအန(နိုင်)၀၅၃၇၆၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစောဟဏ်(ခ)ဦးစောဟန်**

### ဖခင်အမည်မှန်
ဘားအံမြို့နယ်၊ အ.ထ.က(ခွဲ)သာမည(ဂျပန်ကျောင်း)Grade-4 မှ မအိသဉ္ဇာအောင်၏ဖခင်အမည်မှန်မှာ ဦးအောင်ကိုကိုမြင့် ၃/ဘအန(နိုင်)၂၉၁၃၅၁ ဖြစ်ပါကြောင်း။
**ဦးအောင်ကိုကိုမြင့်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ လှာကမြင်ကွက်သစ်နေ ဦးစောရာဇကျော် ၃/ဘအန(နိုင်)၁၂၀၇၁၃ ၏ဖခင် ဦးစောရင်ကလေး(ခ)ဦးယဉ်ကလေး ၃/ဘအန(နိုင်)၀၀၉၁၃၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးစောရင်ကလေး(ခ)ဦးယဉ်ကလေး**

### ပျောက်ဆုံးကြောင်း
ဒေါ်ထွယ်အောင်(ဘ)ဦးတူးရှန် ၁/တနန(နိုင်)၀၁၆၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဒေါ်ရာဇ်ကာလီယား(ဘ)ဦးဒီလစ်ကူးမာရ် ၇/ကတခ(နိုင်)၁၇၃၀၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
ဒေါ်အကျင်းနွယ်(ဘ)ဦးမျိုးတင့် ၉/စကန(နိုင်)၁၄၅၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ခိုင်ဇာလင်း(ဘ)ဦးအုန်းမြင့် ၁၄/ကကန(နိုင်)၀၈၆၉၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၅၀၄၉၀၈၂

### ပျောက်ဆုံးကြောင်း
အိအိခိုင်(ဘ)ဦးကျော်ဝင်းစိန် ၁၂/အစန(နိုင်)၂၁၂၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၃၀၀၈၄၇

### ပျောက်ဆုံးကြောင်း
ဝင်းနန္ဒာသော်(ဘ)ဦးလှဌေး ၁၂/ကတတ(နိုင်)၀၂၈၆၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ ရွှေစက်ရပ်ကွက်နေ ဒေါ်အမ်မိုင်းရာ(ဘ)ဦးခမ်းဆာ ၁/မကန(နိုင်)၁၇၂၇၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 073802)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

### ပျောက်ဆုံးကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်နေ ဦးမျိုးသီဟ(ဘ)ဦးမောင်မောင် ၁၂/လမတ(နိုင်)၀၂၀၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၃၆၄၉၀၆

### ပျောက်ဆုံးကြောင်း
မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်နေ ဦးရင်စင်းတဲ့(ဘ)ဦးရင်ချင်ချွင် ၁/ဝမန(ဧည့်)၀၀၀၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 162044)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၀၈၈၃၃၄၀၂

### ပျောက်ဆုံးကြောင်း
ရန်ကင်းမြို့၊ အမှတ်(၁၂)ရပ်ကွက်၊ ကာယသုခလမ်း၊ အမှတ်-၂၅၅ နေ စန္ဒာမြင့်(ဘ)ဦးလှထွန်း ၁၂/ရကန(နိုင်)၀၄၁၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၇၇၇၇၀၁

### တစ်ဦးတည်းဖြစ်ပါကြောင်း
ဘားအံမြို့နယ်၊ အမှတ်(၅)ရပ်ကွက်နေ ဒေါ်နန်းမေဦးလွင် ၃/ဘအန(နိုင်)၂၇၇၇၈၄ ၏ဖခင် ဦးစောအောင်မြတ်သိန်း(ခ)ဦးအောင်မြသိန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးစောအောင်မြတ်သိန်း(ခ)**
**ဦးအောင်မြသိန်း**

### ပျောက်ဆုံးကြောင်း
သနပ်ပင်မြို့နယ်နေ ခင်နှင်းဝေ(ဘ)ဦးခင်ကြိုင် ၇/သနပ(နိုင်)၁၃၀၄၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

# တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင် စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီးစစ်မှုထမ်းများအလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁-၁၂-၂၀၂၅ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ်ထက် မကြီးရ။

(ဂ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့်စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal [www.myawady.net.mm/private(female)]တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၂-၉-၂၀၂၅ ရက်နေ့မှ ၃-၁၁-၂၀၂၅ ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာအဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့်ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏သဘောတူညီကြောင်းထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထားခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ အခြေခံတပ်သားသစ်သင်တန်းကို ၄ လ တက်ရောက်ရမည်။ သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း တပ်သားသစ်လစာ (၁၄၄၀၀၀)ကျပ်ကိုခံစားခွင့်ပြုမည်။ သင်တန်းပြီးဆုံးပါက တပ်သားအခြေခံလစာ(၁၅၀၀၀၀)ကျပ်နှင့်စရိတ်များခံစားခွင့်ရရှိမည်။

၅။ အခြေခံတပ်သားသစ်သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း မိမိတာဝန်ထမ်းဆောင်လိုသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ဝန်ထမ်းတပ်ဖွဲ့တစ်ခုခုသို့ ဆန္ဒပြုရွေးချယ်နိုင်ပြီး သင်တန်းဆင်းပြီး သတ်မှတ်ချက်ကိုက်ညီပါက မိမိဆန္ဒပြုရွေးချယ်ထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) လက်ရုံး/ ဝန်ထမ်းတပ်ဖွဲ့(သို့မဟုတ်) သင့်လျော်ရာ လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် တာဝန်ထမ်းဆောင်ရမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက နီးစပ်ရာ တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။


MYAWADDY TRADING LIMITED
ပို့ကုန်
လယ်ယာထွက်သီးနှံ၊ဆန်စပါး၊သကြား၊ရာဘာ၊
ရေထွက်ပစ္စည်း၊နှင့်အခြားပို့ကုန်အမျိုးမျိုး။
သွင်းကုန်
စားအုန်းဆီ၊လူ့အသုံးအဆောင်၊ရေနံနှင့်
ဓာတုပစ္စည်း၊ကတ္တရာ၊ဓာတ်မြေသြဇာ။
Tel: 95-01-8373255,8373265, 8373267, 8373291
Fax:95-01-8373257
E-mail: myawaddytrading@gmail.com


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


အင်္ဂလန်နိုင်ငံ International Brewing Awards၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၇၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
YANGON YANGON


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
FDA အမှတ်-2212 PCE 0013
DENTIST RECOMMENDED
DENTOMEC

❖ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့်စီးပွားရေးကို ဆောင်ရွက်လျက်ရှိသောနိုင်ငံဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သော ဝါနှင့်ရော်ဘာတို့မှထုတ်လုပ်သည့် ကုန်ချောပစ္စည်းများကို တင်ပို့ရောင်းချနိုင်သကဲ့သို့ ဆန်၊ ပဲနှင့် အခြားသီးနှံများကိုလည်း ယခုထက်တင်ပို့နိုင်မည်ဆိုပါက မိမိတို့နိုင်ငံအတွက် များစွာအကျိုးဖြစ်ထွန်းနိုင်မည်ဖြစ် . . .

❖ ထိုသို့တင်ပို့နိုင်ရန်အတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အောင်မြင်အောင် အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ခြင်းဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၁ ရက်နေ့တွင်ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့်စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြား

## စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းသည် နိုင်ငံ့စီးပွားရေးကိုမြှင့်တင်ဆောင်ရွက်ပေးခြင်းပင်ဖြစ်



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များအား ယနေ့ မွန်းလွဲပိုင်းတွင် တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊

**စာမျက်နှာ ၁၆ ကော်လံ ၁ ❍**

**အနောက်တောင်မုတ်သုံလေ မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်**

စာ - ၁၅ သို့

**၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၂၅ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များဆက်လက်ကျင်းပ**

စာ - ၁၂ သို့